# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၂၈)၊ ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ ၇–၄–၂၀၂၆၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia တို့ တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ သို့ ○

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၆

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၁၆ ခုနှစ်၊ ဧပြီ ၇ ရက်၊ အင်္ဂါနေ့။

## ဝါအထွက်နှုန်းများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိ

မြန်မာ့ရိုးရာယဉ်ကျေးမှုတွင် ဝါဂွမ်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်ထည်ရက်လုပ်မှုတို့က တစ်ခန်းတစ်ကဏ္ဍပါဝင်လျက်ရှိသည်။ ဝါကို ပြည်တွင်း၌ သုံးစွဲရုံမျှမက ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ဝါစိုက်တောင်သူများ ဈေးကွက်ရရှိစေရန်နှင့် ဝါကြိတ်စက်၊ ရက်ကန်းစက်များအတွက် ကုန်ကြမ်းများ ရရှိစေနိုင်ရေး ရည်ရွယ်၍ နေပြည်တော်၊ တပ်ကုန်းမြို့နယ်ရှိ "လှ"ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ အသင်းအမှုဆောင်များ၊ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဧပြီ ၆ ရက် နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက် "လှ"ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်း၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်အနေဖြင့်လည်း ဝါအထွက်နှုန်းများ တိုးတက်နိုင်စေရေးနှင့် ဝါကုန်ကြမ်းများမှ အဆင့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရေးအတွက် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဝါကြိတ်စက်များကို ပြည်တွင်း၌ ထုတ်လုပ်ရန်လိုကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ဝါဂွမ်းများကို ပြည်တွင်းဈေးကွက်တွင် ရောင်းချနိုင်ရေးနှင့် ချည်ကုန်ချောများ၊ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေး လမ်းညွှန်ထားရှိသည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးကောင်းမွန်သော ချည်မျှင်များ ရရှိနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ငွေကြေး၊ အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်များရရှိရေး ပံ့ပိုးဆောင်ရွက်လျက်ရှိပါကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သမဝါယမကဏ္ဍမှ ဝါစိုက်ဧက ၉၀၀၀၀ ကျော် လျာထားအကောင်အထည်ဖော် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ "လှ" ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ ရက်ကန်းစက်ရုံတွင် ရက်ကန်းစင် ၃၅ စင် တပ်ဆင်လည်ပတ်ရန် ဆောင်ရွက်လျက်ရှိပြီး လက်ရှိ စင် ၂၀ လည်ပတ်လျက်ရှိပါကြောင်း၊ ရက်ကန်းစင် တစ်စင်သည် ၈ နာရီတစ်ဆိုင်းလျှင် ပိတ် ကိုက် ၈၀ ထွက်ရှိပြီး တစ်ရက်လျှင် ပိတ်အုပ်ကိုက် ၁၂၀ ထွက်ရှိပါကြောင်း၊ စက်ရုံမှ ကလေးအနှီးပိတ်များ၊ ဆေးရုံ၊ ဆေးခန်းသုံး ပတ်တီးများ၊ စောင်၊ လုံချည်၊ အထက်ဆင့်များကို ရက်လုပ်လျက်ရှိသည်။

ဝါစိုက်တောင်သူများနှင့် တွေ့ဆုံပွဲတွင် တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောကြားရာတွင် ယခုကဲ့သို့ "လှ"ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်ကို တည်ထောင်နိုင်ခြင်းအားဖြင့် နေပြည်တော်၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ် စသည့်မြို့နယ်များမှ သမဝါယမအသင်းသား ဝါစိုက်တောင်သူများ စိုက်ပျိုးထုတ်လုပ်သော ဝါများကို ဈေးကောင်းပေး၍ ဝယ်ယူကာ ကြိတ်ခွဲထုတ်လုပ်ပေးနိုင်သည့်အတွက် တောင်သူများအတွက် ဈေးကွက်ရရှိကာ ဈေးနှိမ်ခံရသည့် ကိစ္စများဖြစ်လာခြင်း မရှိတော့ပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ယခုကဲ့သို့ သမဝါယမကဏ္ဍမှ ဝါကြိတ်စက်၊ ဝါဖိစက်နှင့် စက်ရက်ကန်းရုံ တည်ထောင်လည်ပတ်ခြင်းဖြင့် ပြည်တွင်းချည်ချောထုတ်လုပ်မှုများ ပိုမိုတိုးမြင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး ပြည်တွင်းသုံးစွဲမှု ဖူလုံရုံသာမက ပြည်ပသို့ပါ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဝါစိုက်ပျိုးထုတ်လုပ်သူများ၊ ဝါလုပ်ငန်းရှင်များ၊ သမဝါယမဦးစီးဌာနအဆင့်ဆင့်မှ တာဝန်ရှိသူများ အားလုံးအနေဖြင့် သမဝါယမစနစ်ဖြင့် ပံ့ပိုးကူညီပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်က ဝါအထွက်နှုန်းများ တိုးတက်စေရေး၊ သမဝါယမကဏ္ဍမှ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် (Agro-based) Industry လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အသင်းသားတောင်သူများ စိုက်ပျိုးထွက်ရှိသည့် ထွက်ကုန်များကို ဝယ်ယူပြီး ထုတ်လုပ်မှုအသင်းများမှ ကိုယ်တိုင်ကြိတ်ခွဲထုတ်လုပ်ရောင်းချနိုင်ရေးအတွက် သမဝါယမဦးစီးဌာနအနေဖြင့် နိုင်ငံတော်မှ ထောက်ပံ့ငွေများရယူ၍လည်းကောင်း၊ အသင်းပိုင် ငွေများဖြင့်လည်းကောင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပဉ္စမနေ့) ကျင်းပ

**မန္တလေး ဧပြီ ၆**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပဉ္စမနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၇၂)ဦးရှိသည့်အနက် (၇၂)ဦး တက်ရောက်သည့်အတွက် ရာနှုန်းပြည့် တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် အောင်မြေသာစံမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးအောင်အား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်သို့ တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။ **(အောက်ပုံ)**

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး ဝန်ကြီးဌာန(၈)ခုနှင့် တိုင်းဒေသကြီး ဝန်ကြီးဦးရေ(၈)ဦး သတ်မှတ်ခြင်းနှင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် အပါအဝင် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ ဦးရေ(၇)ဦးသတ်မှတ်ခြင်းတို့ကို လွှတ်တော်သို့တင်ပြပြီး အဆိုပါကိစ္စရပ်များ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက စက်မှု၊ စွမ်းအင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ၊ ပြည်သူ့ရေးရာနှင့် လူမှုရေးဆိုင်ရာကော်မတီနှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီများတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏ အမည်စာရင်း၊ ကော်မတီများ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ သက်တမ်းတို့ကို လွှတ်တော်၏အတည်ပြုချက်ရယူပြီး ကော်မတီများ ဖွဲ့စည်းကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကော်မတီဖွဲ့စည်းရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်တို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြသည်။ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌက ၄င်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေးပထမပိုင်းကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ခေတ္တရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီခွဲတွင် ဆက်လက်ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် အောင်မြေသာစံမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးဌာန(၈)ခုနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးဦးရေ(၈)ဦး သတ်မှတ်ခြင်းနှင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် အပါအဝင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ ဦးရေ(၇)ဦး သတ်မှတ်ခြင်းများနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကော်မတီတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များနှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ကော်မတီဖွဲ့စည်းကြောင်း ကြေညာသည်။



မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပဉ္စမနေ့)ကို မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး(ဆဋ္ဌမနေ့)ကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**

## ရေတံခွန်တောင် ဂေါက်ကွင်းတွင် တစ်ချက်တည်း ကျင်းဝင်

**မန္တလေး ဧပြီ ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ဧပြီ ၄ ရက် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်က ဦးဇော်မိုက်သည် ဦးဇော်ဝင်းထွန်း၊ ဦးသန်းထွန်းဦး၊ ဦးသန်းနိုင်ဦးတို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် (၁၅၂) ကိုက် ကွာဝေးသော ကျင်းအမှတ်(၁၄)သို့ ဂေါက်သီးအမျိုးအစား Titleist-1 ကို ဂေါက်တံအမျိုးအစား HONMA IRON-7 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားသည်။

တစ်ချက်တည်းကျင်းဝင်အောင် ရိုက်နိုင်ခဲ့သော ဦးဇော်မိုက်အား SWEETY HOME ကုမ္ပဏီမှ ငွေကျပ်ငါးသိန်းတန် ကူပွန်ဆု၊ Eitai လျှပ်စစ်လုပ်ငန်းကုမ္ပဏီမှ ငွေကျပ်ငါးသိန်းနှင့် Myanmar Golf မှ လက်ဆောင်ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ကဆ)**

## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာ တိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

○ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က မိမိအား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာပြီးနောက်ပိုင်း ပြည်ပနိုင်ငံသံတမန်များအနက် ပထမဆုံး လာရောက်တွေ့ဆုံသည့် သံအမတ်ကြီးဖြစ်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင် အနေဖြင့် မိမိကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ပြီး နာရီပိုင်းအတွင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအပေါ်တွင်လည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ အိမ်နီးနားချင်း မိတ်ဆွေကောင်းနိုင်ငံ တစ်ခုအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအပေါ် ထောက်ခံမှုပြသခြင်းပင်ဖြစ်သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက အဆွေတော်အား နိုင်ငံတော်သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရမှုအပေါ် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆက်ဆံရေးကောင်းမွန်အောင် ဆောင်ရွက်ခဲ့မှုများအပေါ်တွင်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်၏ စွမ်းဆောင်မှုများအောက်တွင် မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါကြောင်းနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ လုံခြုံရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ကုန်သွယ်ရေး လမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ပြန်လည်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ အင်အားပြင်း မဏ္ဍလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအပေါ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တရုတ်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် က ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လက်ရောက်ပေးအပ်သည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အဆိုပါတွေ့ဆုံပွဲသို့ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၊ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှတာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဟီရိုမိချိ ဝါတာနာဘေး ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဟီရိုမိချိ ဝါတာနာဘေးထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတကြီး မစ္စတာ မင်းအောင်လှိုင်ထံသို့

**လေးစားအပ်ပါသော သမ္မတကြီး ခင်ဗျား၊**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် မကြာသေးမီက ရွေးချယ်တင်မြှောက်ခံရခြင်းအတွက် ကျွန်ုပ်မှ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုအပ်ပါသည်။

ဂျပန်နှင့် မြန်မာနိုင်ငံသည် ရှည်လျားသော မိတ်ဖက်များဖြစ်ပြီး အာရှတိုက်တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်ုပ်တို့၏ ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဟု မျှော်လင့်ပါသည်။

သမ္မတကြီးနှင့်တကွ မြန်မာနိုင်ငံသူ/နိုင်ငံသားများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း လေးနက်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**လေးစားစွာဖြင့်**

မစ္စတာ ဟီရိုမိချိ ဝါတာနာဘေး
ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်
ဒုတိယဥက္ကဋ္ဌ၊ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအီ နှင့် ညွှန်ကြားရေးမှူး မစ္စတာ နာအိုဟီခို တာကခု တို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအီ နှင့် ညွှန်ကြားရေးမှူး မစ္စတာ နာအိုဟီခို တာကခု တို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတကြီး မစ္စတာ မင်းအောင်လှိုင်ထံသို့

**လေးစားအပ်ပါသော သမ္မတကြီး ခင်ဗျား၊**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် မကြာသေးမီက ရွေးချယ်တင်မြှောက်ခံရခြင်းအတွက် ကျွန်ုပ်မှ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုအပ်ပါသည်။

ဂျပန်နှင့် မြန်မာနိုင်ငံသည် ရှည်လျားသော မိတ်ဖက်များဖြစ်ပြီး အာရှတိုက်တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်ုပ်တို့၏ ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဟု မျှော်လင့်ပါသည်။

သမ္မတကြီးနှင့်တကွ မြန်မာနိုင်ငံသူ/နိုင်ငံသားများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း လေးနက်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**လေးစားစွာဖြင့်**

မစ္စတာ ဖူမီအို အူဆုအီ
ဥက္ကဋ္ဌ၊ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း
မစ္စတာ နာအိုဟီခို တာကခု
ညွှန်ကြားရေးမှူး၊ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

အဆွေတော် ဦးမင်းအောင်လှိုင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတ

အဆွေတော် နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပြည်ထောင်စုလွှတ်တော်က အဆွေတော်အား နိုင်ငံတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် ကျွန်ုပ်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်အား ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကြွယ်ဝချမ်းသာရေးဆီသို့ ဦးဆောင်ဦးရွက်ပြုရာတွင် အောင်မြင်မှုရရှိစေရန် ကျွန်ုပ်၏ စိတ်ရင်းစေတနာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျွန်ုပ်တို့နှစ်နိုင်ငံအကြား ရေရှည်တည်တံ့သော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအပေါ် ကမ္ဘောဒီးယားနိုင်ငံတော်၏ ပြည်သူများကလည်း ကျွန်ုပ်နှင့်အတူ ကျေးဇူးတင်အသိအမှတ်ပြုကြောင်း ဖော်ပြအပ်ပါသည်။ အာဆီယံအပါအဝင် ဒေသတွင်းမူဘောင်များအတွင်း ဆွေးနွေးမှု၊ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ပံ့ပိုးကူညီရန်အတွက် နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်ခိုင်မာတိုးမြှင့်သွားမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

သမ္မတကြီး၊ ကျေးဇူးပြု၍ ကျွန်ုပ်၏ လေးစားဂုဏ်ပြုမှုကို လက်ခံပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

နိုရိုဒွန် သီဟာမိုနီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကာစင် ဂျိုမတ် တိုခါယက်ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကာစင် ဂျိုမတ် တိုခါယက်ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၄ ရက်

အဆွေတော် ဦးမင်းအောင်လှိုင်

သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆွေတော်၊

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါသည်။

ရွေးကောက်ပွဲတွင် အဆွေတော် အနိုင်ရရှိခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှု၊ လူမှုစီးပွားရေးသာယာဝပြောရေးနှင့် နိုင်ငံတကာဆက်ဆံမှုတွင် အောင်မြင်ရေးကို ရည်ရွယ်သည့် အဆွေတော်၏ ပြည့်စုံသော မူဝါဒအပေါ် ပြည်သူတစ်ရပ်လုံးက ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုကို ထင်ထင်ရှားရှားသက်သေပြနေသည်ဟု မိမိရှုမြင်ပါသည်။

နိုင်ငံ့အနာဂတ် သာယာလှပစေရေးနှင့် နိုင်ငံ့ဂုဏ်သိက္ခာမြင့်မားစေရေး အဆွေတော်၏ မြင့်မြတ်သော ကြိုးပမ်းမှုများနှင့် ကြီးမားသော အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ယုံကြည်မှုကို အခြေခံသည့် ကာဇက်စတန်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးအလားအလာမြင့်မားမှုကို အရင်းခံ၍ ကုန်သွယ်ရေးနှင့် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် မိမိအနေဖြင့် အဆင်သင့်ရှိမှုကို ထပ်လောင်းအတည်ပြုပါသည်။

အဆွေတော်၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အောင်မြင်ပါစေကြောင်းနှင့် ရင်းနှီးဖော်ရွေသော မြန်မာပြည်သူများ သာယာဝပြော၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ခင်မင်ရင်းနှီးမှုဖြင့်၊

ကာစင် ဂျိုမတ် တိုခါယက်ဗ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန်းဒါး ဘယ်ဂ်လော့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန်းဒါး ဘယ်ဂ်လော့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အဆွေတော် မစ္စတာ မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆွေတော်၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။

ပြည်သူများ၏ ဘဝသာယာဝပြောရေးကို အလေးထားမှုနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေလိုသော အဆွေတော်၏ ဆန္ဒအပေါ် မိမိတို့အနေဖြင့် အလွန်လေးစားမိပါသည်။

စိန့်ပီတာစဘတ်မြို့နှင့် မြန်မာနိုင်ငံတို့အကြား ကာလရှည်ကြာသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အပြန်အလှန်လေးစားမှုအပေါ်အခြေခံ၍ ဖော်ဆောင်လျက်ရှိပါသည်။ ယင်းဆက်ဆံရေး တိုးတက်ခိုင်မာစေရေးအတွက် အဆွေတော်၏ ဦးဆောင်မှုများသည် အထူးပင် အသိအမှတ်ပြုဖွယ်ဖြစ်ပါသည်။ ယဉ်ကျေးမှုဖလှယ်ခြင်း၊ ပညာရေးဆိုင်ရာအစီအစဉ်များနှင့် ဆေးဘက်ဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများကို ခိုင်မာအားကောင်းစေရန် အဆွေတော်၏ ကြိုးပမ်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံလုံး၏ ကြွယ်ဝသည့် ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကိုမြှင့်တင်စေရုံအတွက်သာမက နိုင်ငံသားများ၏ လူနေမှုဘဝအရည်အသွေးကိုလည်း မြင့်မားစေပါသည်။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် စိန့်ပီတာစဘတ်မြို့နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်လိမ့်မည်ဟု အပြည့်အဝ ယုံကြည်ပါသည်။ မိမိတို့ အနေဖြင့်လည်း ပူးတွဲစီမံကိန်းသစ်များကို အကောင်အထည်ဖော်ရန်နှင့် ဒေသအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန် ဆန္ဒရှိပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပြီး အားအင်စွမ်းပကားများဖြင့် ပြည့်စုံပါစေကြောင်းနှင့် အဆွေတော်၏ အရေးကြီးသော လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါက်တာ အေ. ဒီ. ဘယ်ဂ်လော့

စိန့်ပီတာစဘတ် အုပ်ချုပ်ရေးမှူး

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

နေပြည်တော် ဧပြီ ၆

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရှန်ရှီးကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာ-ဘယ်လာရုစ် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာပြည်တရုတ်ဗုဒ္ဓဘာသာရဟန်းတော်များအဖွဲ့၊ မဇ္ဈိမာလင်္ကာရသာမဏေကျော်အသင်း၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၊ ထားဝယ်လူမျိုးစုစည်းမှုကော်မတီ (ဗဟို)တို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်အောင် ဆောင်ရွက်နိုင်ပါစေကြောင်း၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာဖြင့် ပြည်သူများ၏ အကျိုးအတွက် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း၊ ဘာသာအကျိုး၊ သာသနာအကျိုး၊ နိုင်ငံအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း၊ သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းစေပြီး ပြည်သူအများ ချမ်းသာကြွယ်ဝကာ နိုင်ငံ့စီးပွားထွန်းကားလျက် အခြေအနေသစ်များနှင့် အသစ်သောအသွင်ကူးပြောင်းမှုများဖြင့် ကောင်းမွန်ပြည့်စုံပါစေကြောင်း စသည်ဖြင့်ပါရှိကြောင်း သိရှိရသည်။

သတင်းစဉ်

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၁၁) ဦးမြောက် သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါသည်။ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်အောင် ဆောင်ရွက်နိုင်ပါစေကြောင်း လေးစားစွာဖြင့် ဆန္ဒပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတတာဝန်များကို စတင်ထမ်းဆောင်ခဲ့သည့်အချိန်မှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံပြီး ဘာသာအကျိုး၊ သာသနာအကျိုး၊ နိုင်ငံအကျိုးကို ကျန်းမာရွှင်လန်းစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး
(ကျောက်တော်ကြီးဘုရား) ရန်ကုန်တိုင်းဒေသကြီး

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတကြီးအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရွေးချယ်တင်မြှောက်လိုက်သည့်အတွက် မြန်မာနိုင်ငံဆိုင်ရာ ရှန်ရှီးကုန်သည်ကြီးများအသင်းချုပ်က လေးစားစွာဖြင့် ဂုဏ်ပြုကြိုဆိုပါသည်။

နိုင်ငံတော်သမ္မတကြီး ကောင်းချီးမင်္ဂလာအဆက်ဆက်ရရှိပြီး ကြီးကျယ်ခမ်းနားသော ရည်မှန်းချက်များ အစဉ်တည်တံ့ပါစေကြောင်း၊ ကောင်းမွန်သောမဟာဗျူဟာရေးဆွဲမှုနှင့် အဆက်မပြတ်အကောင်အထည်ဖော်နိုင်သော အုပ်ချုပ်ရေးစွမ်းအားဖြင့် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းစေပြီး ပြည်သူအများချမ်းသာကြွယ်ဝကာ နိုင်ငံ့စီးပွားထွန်းကားလျက် အခြေအနေသစ်များနှင့် အသစ်သောအသွင်ကူးပြောင်းမှုများဖြင့် ကောင်းမွန်ပြည့်စုံပါစေကြောင်း ရိုသေစွာဂုဏ်ပြုလိုက်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာရှန်ရှီးကုန်သည်ကြီးများအသင်းချုပ်
Myanmar Shaanxi Chamber of Commerce

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသား နိုင်ငံသားပြည်သူများမှ တစ်ခဲနက် ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူ့ကိုယ်စား ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခံရမှုကို မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များအဖွဲ့ချုပ် ကော်မတီဝင်များအားလုံးက ဝမ်းသာ၍ လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster
ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာ-ဘယ်လာရုစ်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအသင်းမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာ-ဘယ်လာရုစ် ချစ်ကြည်ရေးနှင့်
ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထားဝယ်လူမျိုးသမိုင်းတွင် ထားဝယ်မိဘနှစ်ပါးမှ မွေးဖွားလာပြီး ထားဝယ်တိုင်းရင်းသားတစ်ရပ်လုံး၏ ပထမအဦးဆုံးသော နိုင်ငံတော်သမ္မတကြီးဖြစ်လာသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို)

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် "ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း" မှ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် "မဇ္ဈိမာလင်္ကာရသာမဏေကျော်အသင်း" မှ အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မဇ္ဈိမာလင်္ကာရသာမဏေကျော်အသင်း

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် "မြန်မာပြည်တရုတ်ဗုဒ္ဓဘာသာရဟန်းတော်များအဖွဲ့"က အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါသည်။

မြန်မာပြည်တရုတ်ဗုဒ္ဓဘာသာရဟန်းတော်များအဖွဲ့

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ




နေပြည်တော်  မေ  ၆

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စု လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပ သည်။ (ယာပုံ)

အစည်းအဝေးတွင် ပြည်ထောင်စု လွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစု ပေါင်း ၅၈၅ ဦး ရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၅၈၂ ဦး တက်ရောက် သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေ ကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌ အဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာ ကျော်ကျော်ဌေး၊ အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁) မှ ဦးအောင်တင်မြင့်အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန် ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေး ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီအဖွဲ့ ဝင်များ၏ အမည်စာရင်းကို ပြည်ထောင်စု လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက က နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးနှင့် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ဦးသာဌေးအား ခန့်အပ်တာဝန်ပေးအပ် နိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ တင်ပြထားကြောင်း၊ နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသည့် ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးများ ဦးရေ နှင့် ပြည်ထောင်စုတရားသူကြီးချုပ် အမည်စာရင်းနှင့် စပ်လျဉ်း၍ ခန့်အပ်ရန် သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်း တို့ကို မေ ၇ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ် ရှိပါက အမည်စာရင်းတင်သွင်းနိုင် ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယက က နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းနိုင်ရေး လွှတ်တော်၏ သဘောတူညီချက် ရယူနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြ ထားကြောင်းပြောကြားပြီး နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထား ရသူက တင်ပြထားသည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များ ၏ အမည်စာရင်းတင်ပြချက်နှင့် စပ်လျဉ်း ၍ ခန့်အပ်ရန် သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသူရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းကို မေ ၇ ရက်တွင် ကျင်းပမည့် ပြည်ထောင်စု လွှတ်တော်အစည်းအဝေးတွင် ဆောင် ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလို သည့်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆို ပြုတင်ပြသော ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာန အရေအတွက်ကို ၃၁ ဌာန ဖြင့်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးရေကို ၃၀ ဖြင့် လည်းကောင်း သတ်မှတ် နိုင်ရေး ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထား ကြောင်းနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြ ထားသည့် ပြည်ထောင်စုအစိုးရဝန်ကြီး ဌာန၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယကက ပြည်ထောင်စု အစိုးရဝန်ကြီးဌာန အရေအတွက်၊ အမည် စာရင်းနှင့် ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်စာရင်းတင်ပြချက်နှင့် စပ်လျဉ်း ၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက ဆွေးနွေးခြင်းကို မေ ၇ ရက်တွင် ကျင်းပ မည့် ပြည်ထောင်စုလွှတ်တော် အစည်း အဝေးတွင် ဆောင်ရွက်သွားမည်ဖြစ် ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စား လှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင် ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ကိုးဦးဖြင့်ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ထိုသို့ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရွေးချယ်ထားသူ အဖွဲ့ဝင် သုံးဦး၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူ အဖွဲ့ဝင် သုံးဦး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ထားသူအဖွဲ့ဝင် သုံးဦး စုစုပေါင်းအဖွဲ့ဝင် ကိုးဦး၏ အမည်စာရင်း နှင့် ယင်းအဖွဲ့မှ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန် ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၂၁၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တို့နှင့်အညီ ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက် ရယူ နိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက ပြည်ထောင်စု လွှတ်တော်နာယကထံ ပေးပို့တင်ပြထား ကြောင်း ပြောကြားပြီး နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌတို့က ရွေးချယ်တင်ပြ ထားသည့် အဖွဲ့ဝင် ကိုးဦး၏ အမည်စာရင်း ကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယကက ရွေးချယ်တင်ပြ ထားသည့် အဖွဲ့ဝင် ကိုးဦးအနက် နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထား ရသူက ရွေးချယ်ထားသူ ဦးအောင်ဇော် သိန်းအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန် ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်း၊ နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြထားသည့် ခုံရုံးဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ အမည်စာရင်းတို့နှင့် စပ်လျဉ်း၍ ခန့်အပ်ရန်သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို မေ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယကက နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ တို့နှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ဒေါက်တာသီတာဦးကို လည်းကောင်း၊ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ တို့နှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ် အဖြစ် ဒေါ်နိုင်သက်ဦးကို လည်းကောင်း ခန့်အပ် တာဝန်ပေးသင့်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကထံသို့ တင်ပြထားကြောင်း၊ ပြည်ထောင်စုရှေ့နေ ချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ ခန့်အပ် တာဝန်ပေးအပ်ရန်သဘောတူကြောင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက ကန့်ကွက်လိုကြောင်း အဆိုတင်သွင်းခြင်း တို့ကို မေ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ် ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက တတိယအကြိမ် ပြည်ထောင်စု လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်း အဝေး စတုတ္ထနေ့ကို မေ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ကြောင်း လက်မှတ်ရေးထိုးစဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၁) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

နေပြည်တော် ဧပြီ ၆

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၁)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက်နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများ အလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများအသီးသီးပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၁)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၁) မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ်စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကိုထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၁)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန် ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

**အင်တာဗျူး(၁)**

ကျွန်တော်ကတော့ အခက်အခဲတွေတော့ အများကြီးရှိတာပေါ့။ ကျွန်တော် အပြင်လူတစ်ယောက်အနေနဲ့ ဒီတပ်မတော်ထဲ ရောက်လာတယ်ဆိုတော့ ကျွန်တော်တို့ အရပ်ဘက်နဲ့တော့ ကွာတာပေါ့ဗျ။ စည်းကမ်းတော့ ရှိလာတယ်၊ ကျွန်တော်တို့ အကုန်လုံးပေါ့၊ အစစအရာရာပြောင်းလဲလာတယ်ဗျ။ သင်ကြားပေးတဲ့ ဘာသာရပ်တွေကတော့ ကျွန်တော်တို့ စစ်နည်းဗျူဟာပိုင်းပေါ့။ လက်နက်ငယ်ပိုင်းပေါ့၊ အများကြီးပါပဲ။ ကျွန်တော်တို့ကို သင်ကြားပေးပါတယ်ဗျ။ ကျွန်တော်ယုံကြည်မှုရှိလာတယ်ဗျ။ ကျွန်တော် အရပ်သား ဘဝတုန်းကတော့ ပေါ့ပျက်ပျက်နေခဲ့တယ်ပေါ့၊ အခုတော့ စည်းကမ်းနဲ့ နေတတ်လာတယ်။ ကျွန်တော်အမိန့်လည်း နာခံတတ်လာတယ်ဗျ။ စစ်သားကောင်းတစ်ယောက် ဖြစ်အောင်လည်း ကျွန်တော်နေထိုင်သွားမှာပါဗျ။

**အင်တာဗျူး(၂)**

ကျွန်တော်တို့ အရပ်သားတုန်းကတော့ လူငယ်တွေဖြစ်တဲ့အတွက် တစ်ခါတလေ ပျက်စီးခဲ့တာတွေ၊ မလိုအပ်ဘဲ ပျက်စီးခဲ့တာတွေလည်း ရှိကောင်းရှိခဲ့ပါတယ်။ အများကြီးပဲ အတော်များများ ပြောင်းလဲလာကြပါတယ်။ အကုန်လုံးက ကိုယ့်ခြေထောက်ကို ကိုယ်ရပ်ရမယ့် အနေအထားမျိုးမှာ အကောင်းဆုံးကြိုးစားသွားပါမယ်။ ကျွန်တော်တို့ စစ်သားတွေ ဖြစ်တဲ့အတွက် ကျန်းမာကြံ့ခိုင်ရမယ်။ ကျွမ်းကျင်မှုရှိရမယ်။ ရဲစွမ်းသတ္တိရှိရမယ်။ ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံးပြုပြင် ပြောင်းလဲလာရမယ်။ တပ်မတော်သားတစ်ယောက်ဖြစ်တဲ့အတွက် တစ်ဦးချင်းမဟုတ်တော့ဘဲ အဖွဲ့အစည်းအလိုက် အကောင်းဆုံး ကြိုးစားသွားဖို့ တွေးထားပါတယ်။

**အင်တာဗျူး(၃)**

အတွေ့အကြုံတွေ ကတော့ နည်းနည်းတော့ ခက်ခဲကြမ်းတမ်းတာပေါ့။ ဒါပေမယ့် သင်ကြားပေးတဲ့ ပညာကတော့ စစ်နည်းဗျူဟာရယ်၊ လက်နက်ငယ်အပိုင်းရယ်၊ ကြံ့ခိုင်ရေးရယ်၊ စစ်ရေးပြ ကျွမ်းကျင်မှုရယ် သင်ကြားပေးခဲ့ပါတယ်။ ကျွန်တော်အခု ကျရောက်တဲ့ မိခင်တပ်ရင်းကို အထက်ကပေးတဲ့ အမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်နာပြီးတော့ တာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားပါမယ်။ ယောကျ်ားတိုင်းကတော့ ဒီစစ်မှုထမ်းကို ထမ်းဆောင်ရမှာပေါ့။ ကျွန်တော်ကတော့ တစ်ထောင့်တစ်နေရာကနေ နိုင်ငံတော်အတွက် အကျိုးရှိစွာ အသုံးချသွားပါမယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

သတင်းစဉ်












အနောက်တောင်တိုင်းစစ်ဌာနချုပ်အတွင်းရှိ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၁) သင်တန်းဆင်းစစ်သည်များအား အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်က ရင်းရင်းနှီးနှီးနှုတ်ဆက်နေမှုကို တွေ့ရစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဧပြီ ၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ဒေသတစ်ဝိုက်နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

မတ္တရာ ဧပြီ ၆

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အား ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်စုများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ ပူးပေါင်း၍ လမ်းလျှောက်သင်္ကြန်ကို မတ္တရာမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဗိုလ်တေဇပန်းခြံရှေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

မတ္တရာမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဝင်းမင်းလတ်၏ ဦးဆောင်မှုဖြင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးသန်းဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ ပြည်သူများဖြင့် ပူးပေါင်း၍ ကျင်းပသွားမည်ဖြစ်သည်။ ဗဟိုမဏ္ဍပ်တွင် နေ့စဉ်ဖျော်ဖြေရေးယိမ်းအဖွဲ့များ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များဖြင့် နေ့စဉ် ကပြဖျော်ဖြေခြင်း၊ လမ်းလျှောက် သင်္ကြန်ကျင်းပခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၊ ဖျော်ဖြေရေး ယိမ်းအဖွဲ့များအနေဖြင့် မိမိတို့ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာရုံး၊ ကျောင်း၊ ရပ်ကွက်ကျေးရွာအုပ်စုများတွင် သင်္ကြန်ယိမ်းအကများ လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

(၄၆၂)

၀-၀-၀-၀

# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## ထိုင်းနိုင်ငံတစ်ဝန်းရှိ ဧပြီလအစောပိုင်း အပူအညွှန်းကိန်း ၆၀ ဒီဂရီဆဲလ်စီးယပ်စ်အထိ ဆက်လက်မြင့်တက်လာနိုင်

**ဘန်ကောက် ဧပြီ ၆**

ထိုင်းနိုင်ငံတစ်ဝန်း၌ ဧပြီလ အစောပိုင်းတွင် အပူအညွှန်းကိန်းသည် အန္တရာယ်ရှိသော အဆင့်ဖြစ်သည့် ၆၀ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက်လာနိုင်ပြီး ထိခိုက်လွယ်သောအုပ်စုများအတွက် ကြီးမားသောခြိမ်းခြောက်မှု ဖြစ်လာနိုင်သည်ဟု ထိုင်းဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ဝန်ကြီးဌာနက ဧပြီ ၆ ရက်တွင် သတိပေးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အပူအညွှန်းကိန်းသည် လေထုအပူချိန်နှင့် နှိုင်းရစိုထိုင်းဆကို ပေါင်းစပ်တွက်ချက်ထားခြင်းဖြစ်ပြီး ပတ်ဝန်းကျင်အပူချိန်ထက် ခန္ဓာကိုယ်က အမှန်တကယ်ခံစားရသည့် အပူရှိန်ကို ရောင်ပြန်ဟပ်ဖော်ပြသည်။ စိုထိုင်းဆမြင့်မားခြင်းသည် အပူဒဏ်ကြောင့်ဖြစ်သော ဖိစီးမှုကို သိသိသာသာမြင့်တက်စေသည်။

အပူအညွှန်းကိန်း မြင့်မားခြင်းသည် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူများ သို့မဟုတ် အဝလွန်သူများ၊ အပြင်ဘက်တွင် အလုပ်လုပ်ကိုင်သူများ၊ စိတ်ကျန်းမာရေး လူနာများနှင့် အရက်စွဲနေသူများကဲ့သို့ ထိခိုက်လွယ်သော အုပ်စုများအတွက် အထူးအန္တရာယ်ရှိကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀



## ၁၂ ရက်ကြာ ဘန်ကောက်အပြည်ပြည်ဆိုင်ရာ မော်တော်ကားပြပွဲ၌ ကားအစီးရေ ၁၃၂၉၅ စီးနှင့် ဆိုင်ကယ် ၂၀၅၆ စီး မှာယူခဲ့ကြ

**ဘန်ကောက် ဧပြီ ၆**

ယမန်နေ့က ပြီးဆုံးခဲ့သည့် ၁၂ ရက်ကြာ ဘန်ကောက်အပြည်ပြည်ဆိုင်ရာ မော်တော်ကားပြပွဲ၌ မော်တော်ကား အစီးရေ ၁၃၂၉၅ စီးနှင့် မော်တော်ဆိုင်ကယ် ၂၀၅၆ စီးတို့ မှာယူမှုများရှိခဲ့ပြီး တရုတ်အခြေစိုက် ဘီဝိုင်ဒီကုမ္ပဏီက မှာယူမှုအများဆုံးရရှိခဲ့သည်ဟု စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုင်းနိုင်ငံ နွန်ထပူရီခရိုင် မောင်းထောင်ဌာနီ၌ ကျင်းပခဲ့သော အဆိုပါမော်တော်ကားပြပွဲသို့ မတ် ၂၅ ရက်မှ ဧပြီ ၅ ရက်အထိ လာရောက်လည်ပတ်သူ ၁ ဒသမ ၈ သန်းရှိခဲ့သည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဤပြပွဲတွင် အာရှနှင့် ဥရောပထုတ်လုပ်သူများ၏ လျှပ်စစ်ကားများကို ပိုမိုခင်းကျင်းပြသလာသော်လည်း စက်တွင်းမီးလောင်ပေါက်ကွဲခြင်း အင်ဂျင်သုံးယာဉ်များ၊ အထူးသဖြင့် ဘက်စုံသုံးယာဉ်များနှင့် ပစ်ကပ်ကားများသည် ဝယ်ယူသူများ၏ စိတ်ဝင်စားမှုကို ဆက်လက်ရရှိနေဆဲဖြစ်ကြောင်း မစ္စတာချာတူရွန်က ဆိုသည်။

ဘီဝိုင်ဒီကုမ္ပဏီက အစီးရေ (၁၇၃၅၄ စီး)ဖြင့် မှာယူမှုအများဆုံး ရရှိခဲ့ပြီး ၎င်း၏နောက်တွင် တိုယိုတာ(၁၅၇၅၀ စီး)၊ အိုမိုဒါဂျေကူး (၁၅၀၈၈ စီး)၊ အမ်ဂျီ (၁၀၅၃၇ စီး)၊ ဒီပဲလ်နှင့်နီဗို (၈၅၇၃ စီး)နှင့် ဂီးလီ (၇၈၁၁ စီး)တို့က အသီးသီး ရပ်တည်ခဲ့ကြောင်း သိရသည်။

Mon

## ဂျပန်ကုမ္ပဏီ လက်အောက်ခံ အိန္ဒိယအလံတင် ရေနံတင်သင်္ဘော ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်း၍ အာရှတောင်ပိုင်းသို့ ဦးတည်

**တိုကျို ဧပြီ ၆**

ဂျပန်သင်္ဘောလုပ်ငန်းကုမ္ပဏီတစ်ခု၏ လက်အောက်ခံကုမ္ပဏီပိုင် အိန္ဒိယအလံတင် ရေနံတင်သင်္ဘောတစ်စင်းသည် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်း၍ အာရှတိုက်တောင်ပိုင်းနိုင်ငံသို့ ဦးတည်ခုတ်မောင်းနေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ဖေဖော်ဝါရီ ၂၈ ရက်က စတင်ခဲ့သည့် အမေရိကန်နှင့် အစ္စရေးတို့၏ တိုက်ခိုက်မှုများကို လက်တုံ့ပြန်သည့်အနေဖြင့် ကမ္ဘာ့ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့တင်ပို့ရာတွင် အရေးပါသော လမ်းကြောင်းဖြစ်သည့် အဆိုပါရေလက်ကြားကို အီရန်နိုင်ငံက အကျိုးသက်ရောက်မှုရှိစွာ ပိတ်ဆို့ခဲ့သည်။

နိုင်ငံတကာ၏ အဓိကသွေးကြောသဖွယ်ဖြစ်သော အဆိုပါလမ်းကြောင်းကို ပိတ်ဆို့လုနီးပါး ဖြစ်ခဲ့မှုကြောင့် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် လောင်စာဆီ ပြတ်လပ်မှုများနှင့် စွမ်းအင်ဈေးနှုန်းများ အဆမတန်မြင့်တက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ဂရင်းအက်စ်ဟာအမည်ရှိ သဘာဝဓာတ်ငွေ့ရည်တင် သင်္ဘောသည် ဧပြီ ၆ ရက်က ထိုရေလက်ကြားကို ဖြတ်ကျော်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

Mon





## တရုတ်နိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု မြင့်တက် အပန်းဖြေခရီးများမှ ယဉ်ကျေးမှု ပုံစံသစ်များသို့ ပြောင်းလဲလာ

**ပေကျင်း ဧပြီ ၆**

တရုတ်နိုင်ငံ၏ ဗီဇာကင်းလွတ်ခွင့်မူဝါဒများက အကျိုးကျေးဇူးများ ဆက်လက်ဖြစ်ထွန်းစေသည်နှင့်အမျှ ယခုနွေဦးရာသီတွင် တရုတ်နိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဝင်ရောက်မှုမှာ မြင့်တက်လာနေပြီး ခရီးသွားများသည် မြို့ကြီးများသာမက ဒုတိယနှင့် တတိယတန်းစားမြို့များသို့ပါ သွားရောက်လည်ပတ်နေကြသည့်အပြင် ရိုးရာအပန်းဖြေခရီးစဉ်များမှ ယဉ်ကျေးမှုဆိုင်ရာ အတွေ့အကြုံပုံစံသစ်များဆီသို့ ပြောင်းလဲလုပ်ဆောင်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နိုင်ငံခြားသားခရီးသွားများသည် စစ်သည်ရုပ်တုများရှိရာ နေရာသို့ သွားရောက်ခြင်း သို့မဟုတ် တရုတ်မဟာတံတိုင်းကြီးပေါ်သို့ တက်ခြင်းကဲ့သို့သော လူကြိုက်များသည့်နေရာများသို့ တဖွဲဖွဲသွားရောက်လျက်ရှိသည်။

ထို့ပြင် ၎င်းတို့သည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခြင်း၊ ဟန်ဖူခေါ် ရိုးရာဝတ်စုံများကို ဝတ်ဆင်ခြင်း၊ ဖက်ထုပ်လုပ်နည်းသင်ယူခြင်းနှင့် ကြွေထည်ပစ္စည်းများ ပြုလုပ်ခြင်းတို့ကိုပါ ဆောင်ရွက်လာကြောင်း သိရသည်။

Mon

## သုံးဖက်မြင်ပုံနှိပ်စနစ်သုံး ပထမဆုံးကွန်ကရစ်လူကူးတံတား ၂၀၂၈ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ဖွင့်လှစ်ရန်စီစဉ်ထား

**စင်ကာပူ ဧပြီ ၆**

စင်ကာပူနိုင်ငံ ဂျူရုံအနောက်ပိုင်းနှင့် တန်ဂါမြို့သစ်အကြား သွားလာရမည့်အချိန်ကို လျှော့ချပေးနိုင်မည့် စင်ကာပူနိုင်ငံ၏ ပထမဆုံးသော သုံးဖက်မြင်ပုံနှိပ်စနစ်သုံး ကွန်ကရစ်လူကူးတံတားကို ၂၀၂၈ ခုနှစ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အရှည် ၁၀ မီတာနှင့် အနံ ၅ မီတာရှိမည့် အဆိုပါတံတားကို လမ်းလျှောက်သူများနှင့် စက်ဘီးစီးနင်းသူများပါ အသုံးပြုနိုင်ရန် ဒီဇိုင်းရေးဆွဲထားသည်။

ဤရွှေ့ပြောင်းစီမံကိန်းသည် လုပ်သားရှားပါးသော စင်ကာပူနိုင်ငံတွင် ဆောက်လုပ်ရေးကဏ္ဍ၏ ထုတ်လုပ်မှုစွမ်းအား မြင့်မားလာစေရန် သုံးဖက်မြင်ကွန်ကရစ်ပုံနှိပ်စနစ်ကို အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

Mon



## ဟော်မုဇ်ရေလက်ကြား ပြန်ဖွင့်နိုင်မည့် ချဉ်းကပ်မှုပုံစံ အီရန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု လက်ခံရရှိထား

**အစ္စလာမ္မာဘတ် ဧပြီ ၆**

အီရန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ဧပြီ ၆ ရက်တွင် စတင်အကျိုးသက်ရောက်နိုင်ပြီး ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်ပေးနိုင်မည့် ပဋိပက္ခများ အဆုံးသတ်ရေး အစီအစဉ်တစ်ခုကို လက်ခံရရှိထားကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံက ပဋိပက္ခများ အဆုံးသတ်ရန် မူဘောင်တစ်ခုကို ရေးဆွဲခဲ့ပြီး ညတွင်းချင်းပင် အီရန်နှင့် အမေရိကန်တို့အကြား အပြန်အလှန်ဖလှယ်ခဲ့ကြောင်း၊ အဆိုပါမူဘောင်တွင် ချက်ချင်း အပစ်အခတ်ရပ်စဲပြီးနောက် ဘက်စုံသဘောတူညီချက်တစ်ရပ် ရယူရန် အဆင့်နှစ်ဆင့်ပါဝင်သည့် ချဉ်းကပ်မှုပုံစံကို ဖော်ပြထားသည်။



အချက်အလက်အားလုံးကို ယနေ့အတွင်း သဘောတူညီမှုရရှိရန် လိုအပ်ကြောင်းနှင့် ကနဦးနားလည်မှုအား ဆွေးနွေးပွဲများ၏ တစ်ခုတည်းသော ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သည့် ပါကစ္စတန်နိုင်ငံမှတစ်ဆင့် အီလက်ထရွန်နစ်စနစ်ဖြင့် အတည်ပြုချုပ်ဆိုမည့် နားလည်မှုစာချွန်လွှာအဖြစ် ဖွဲ့စည်းမည်ဟုဆိုသည်။

ပထမအဆင့်တွင် ၄၅ ရက်ကြာ အပစ်အခတ်ရပ်စဲရေး ပါဝင်မည်ဖြစ်ပြီး ယင်းကာလအတွင်း စစ်ပွဲကို အပြီးတိုင်အဆုံးသတ်ရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Mon

## ဈေးများ မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေး

**ခန္တီး မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လျှပ်စစ်ဖြန့်ဖြူးရေးဌာနတို့ ပူးပေါင်း၍ ဈေးမီးလောင်မှုများ မဖြစ်ပွား မပေါ်ပေါက်စေရန်၊ မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရန်နှင့် မီးလောင်မှုဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဈေးမီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို မေ ၅ ရက် နံနက် ၉ နာရီက မြို့မမင်္ဂလာဈေးတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်မျိုးဝင်း ဦးဆောင်၍ ယခင်က ဈေးမီးဘေးလုံခြုံရေးစစ်ဆေးခဲ့စဉ်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ မှာကြားခဲ့သည်များကို လိုက်ပါဆောင်ရွက်ခြင်း ရှိ၊ မရှိလိုက်လံစစ်ဆေးခဲ့ပြီး ဈေးအတွင်း ရေကန်သိုလှောင်ထားရှိမှုများ၊ မီးသတ်ဆေးဘူးဆောင်ရွက်ထားရှိမှုများနှင့် ဈေးပတ်ဝန်းကျင်တွင် မီးလောင်မှုဖြစ်ပွားစေနိုင်သည့် နေရာများကို လိုက်လံစစ်ဆေးခဲ့သည်။



ထို့နောက် ဈေးသည်များအား သတ်မှတ်ချိန်ကျော်လွန်၍ မီးအသုံးမပြုကြရန်၊ မီးအသုံးပြုပြီး စနစ်တကျ မီးငြိမ်းသတ်ကြရန်၊ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် မီးကို စနစ်တကျ သုံးစွဲကြရန် အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ) မြို့နယ်(ပြန်/ဆက်)



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း ဆောင်ရွက်

**ကျောက်ဆည် မေ ၆**

ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ စက်ရုံများ၊ အလုပ်ရုံများ၊စက်သုံးဆီအရောင်းဆိုင်များနှင့် ဈေးများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ်ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ဖျောက်ဆိပ်ပင်ကျေးရွာ ငွေငန်းဖြူစက်သုံးဆီအရောင်းဆိုင်၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာ၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးသန့်ဇင်ဦးနှင့် တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မီးလောင်မှုဖြစ်ပွားရခြင်း၏ အခြေခံသဘောတရားများနှင့် မီးလောင်မှုအမျိုးအစားများ အကြောင်းများကို အသိပညာပေးဟောပြောခဲ့ပြီး လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

*-*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## အမှတ်(၂)ရပ်ကွက်၌ အထည်အရောင်းပြခန်း မီးလောင်မှုဖြစ်ပွား

**ဝမ်းတွင်း မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊အမှတ်(၂)ရပ်ကွက်တွင် မေ ၃ ရက် နံနက် ၁၂နာရီ ၁၀ မိနစ်ခန့်က ပိုင်ရှင် ဦးမင်းသိန်း(၅၇)နှစ်ဆိုသူ၏ ပေ (၂၀× ၃၀)၊ သွပ်မိုး၊ နံကပ်တစ်ထပ် --- အထည်အရောင်းပြခန်း အတွင်း တပ်ဆင်ထားသော Solar Control Panel မှ အပူချိန်လွန်ကဲပြီး အနီးရှိ အထည်များပေါ်သို့ မီးကူးစက်လောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဝမ်းတွင်းမြို့နယ် မီးသတ်စခန်းနှင့် သဲတောနယ်မြေမီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ခြောက်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၂ နာရီ ၂၄ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ပေ(၂၀×၃၀)၊ သွပ်မိုး၊ နံကပ်တစ်ထပ် အထည်အရောင်းပြခန်း တစ်ခန်း၊ပုဆိုးနှင့်လုံချည် အထည် ၃၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ---ဆိုသူအား ဝမ်းတွင်းမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*





## ပြည်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံး၊ တစ်ဦး ဒဏ်ရာရ

**နေပြည်တော် မေ ၆**

ပဲခူးတိုင်းဒေသကြီး၊ပြည်မြို့၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၄ရက် မွန်းလွဲ ၂နာရီက ပြည်မြို့၊ မြို့သစ်ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မြို့သစ်ရပ်ကွက်ဘက်မှ ဘုရင့်နောင်လမ်းမကြီးဘက်သို့ မြို့သစ်ရပ်ကွက်နေ နိုင်မင်းထက်(၄၀)နှစ် ဆိုသူမောင်းနှင်လာသည့် Nissan Conbor ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ နိဗ္ဗိန္နလမ်းဆုံဘက်မှ ကားကြီးဝင်းဘက်သို့ မြို့သစ်ရပ်ကွက်နေ ထွန်းမင်းနိုင်(၁၅)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဝီလျံအောင်(၁၆)နှစ်ဆိုသူ လိုက်ပါလာသည့် ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ထွန်းမင်းနိုင်ဆိုသူတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဝီလျံအောင် ဆိုသူတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် နိုင်မင်းထက်ဆိုသူအား ပြည်မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး

**ရွှေတောင် မေ ၆**

ပဲခူးတိုင်းဒေသကြီး၊ရွှေတောင်မြို့နယ်၌ ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂ ရက် ည ၈ နာရီ ၅၀ မိနစ်တွင် ရွှေတောင်မြို့နယ်၊ ဘယ်လက်ကျေးရွာအနီး ရန်ကုန်-ပြည် ကားလမ်းမိုင်တိုင်အမှတ် ၁၇၂ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ရွှေတောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရွှေတောင်မြို့နယ်၊မှတ်တော်မူကျေးရွာနေ အာကာဌေး(၂၇)နှစ်ဆိုသူသည် HON- DA WAVE-100 ဆိုင်ကယ်အား ရွှေတောင်မြို့မှ ပြည်မြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ ဓာတ်တိုင်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် အာကာဌေးဆိုသူအား ရွှေတောင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ကြို့သုံးပင်ရပ်ကွက်၌ ကြက်ခြံမီးလောင်မှုဖြစ်ပွား

**ကလေး မေ ၆**

မေ ၃ ရက် နံနက် ၁၂ နာရီ ၄၅ မိနစ်ခန့်က စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကြို့သုံးပင်ရပ်ကွက်၌ ပိုင်ရှင် ဦးသျှန်စမန်း(၅၃)နှစ် ဆိုသူ၏ ပေ(၃၀×၂၀)၊ သွပ်မိုး၊ ထရံကာ၊ တစ်ထပ် ကြက်ခြံတွင် ကြက်သားပေါက်များအား မီးသွေးဖြင့် အပူပေးရာမှ အနီးရှိ ဖွဲများသို့ မီးကူးစက်လောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ကလေးခရိုင်၊ မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီတွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ပေ(၃၀×၂၀)၊ သွပ်မိုး၊ ထရံကာ၊ တစ်ထပ် ကြက်ခြံတစ်လုံး၊ကြက်သားပေါက် ၁၀၀ ကောင်၊ကြက်အကောင်ကြီး ၁၀၀ ကောင်၊ ၂၇ × ၁၈ ပေ၊ နံကပ်နှစ်ထပ် နေအိမ်တစ်လုံး၊HINO ခြောက်ဘီးယာဉ်တစ်စီးတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် - - -ဆိုသူအား ကလေးမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



မီးကို ကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူပါ။



သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဝန်းကျင်ဒေသတစ်ဝိုက်အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်စဉ်။



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ။

❂ စာမျက်နှာ ၂၄ မှ

လမ်းတံတားများ၊ ဆည်မြောင်းတာတမံများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ဒေသခံပြည်သူလူထု၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်းရှိ သဖန်းဆိပ်ရေလှောင်တမံနှင့် ပတ်ဝန်းကျင်ကျေးရွာများအား ယာယီစိုးမိုးထားပြီး အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် သဖန်းဆိပ်ရေလှောင်တမံနှင့် ပတ်ဝန်းကျင်ကျေးရွာများအား ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြင့် ပြန်လည်ရရှိရေးအတွက် လိုအပ်သည့်စုဖွဲ့မှုများအား စနစ်တကျဆောင်ရွက်ပြီး စစ်ကြောင်းများခွဲ၍ ပစ်ခတ်မှုနှင့် စစ်ကစားမှုကို ဟန်ချက်ညီညီပေါင်းစပ်ကာ တိုက်ပွဲဝင်အရာရှိစစ်သည်များ၏ စိတ်ဓာတ်တက်ကြွ၍ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှု၊ မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယရှိမှုတို့ဖြင့် အဆိုပါဆည်ကြီးရှိ အဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများ ထိခိုက်ပျက်စီးမှုမရှိစေရေး ကန့်သတ်ချက်များကြားမှ ထိန်းထိန်းသိမ်းသိမ်းဖြင့် တိုက်စစ်ဆင်ချေမှုန်းခဲ့ရာ သဖန်းဆိပ်ရေလှောင်တမံအား မတ် ၂၈ ရက်တွင်လည်းကောင်း၊ အဆိုပါရေလှောင်တမံ၏ အနောက်ဘက် မီတာ ၅ ထောင်ခန့်အကွာတွင် တည်ရှိသောအင်တိုင်းကျေးရွာအား ယနေ့နေ့လယ်ပိုင်းတွင်လည်းကောင်း အသီးသီး ပြန်လည်သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်ကျဆုံးမှုများစွာဖြင့် ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားကြသည်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ဆုတ်ခွာထွက်ပြေးသွားစဉ် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအား မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် စက်ရုံရှိ လျှပ်စစ်ဓာတ်အားပေးစက်ပစ္စည်းကိရိယာများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့ပြင် အင်တိုင်းကျေးရွာအတွင်းရှိ အပြစ်မဲ့ဒေသခံပြည်သူများ၏နေအိမ်များကို ဆက်လက်မီးရှို့ဖျက်ဆီးသွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းနှင့် လိုအပ်သောလုံခြုံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြရသည်။

အကြမ်းဖက်သောင်းကျန်းသူများက သဖန်းဆိပ်ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ယာယီစိုးမိုးထိန်းချုပ်ခဲ့ပြီး အဆိုပါရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ တန်ဖိုးကြီးပစ္စည်းများကို ယူဆောင်သွားခြင်း၊ ဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ သဖန်းဆိပ်ရေလှောင်တမံသည် စိုက်ပျိုးမြေဧက ငါးသိန်းကျော်ကို အဓိကရေပေးဝေနေသော တမံတစ်ခုဖြစ်သည်။ ထို့ပြင် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည်လည်း နိုင်ငံတော်ဓာတ်အားပေးစနစ်တွင် လျှပ်စစ်ပုံမှန်ပို့လွှတ်ပေးနေသော စက်ရုံတစ်ခုဖြစ်ပြီး အဆိုပါစက်ရုံအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်နိုင်မှုမှာလည်း ပျက်စီးဆုံးရှုံး၍ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာခဲ့ရသည်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသည့် ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသော လျှပ်စစ်ဓာတ်အားပေးစက်ရုံအား မီးရှို့ဖျက်ဆီးခဲ့ကြသဖြင့် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ပျက်စီးသွားသော လျှပ်စစ်ဓာတ်အားပေးစက်ရုံအား ပြန်လည်လည်ပတ်နိုင်ရေး ပြင်ဆင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား သုံးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် ဧပြီ ၆

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား သုံးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဧပြီ ၆ ရက်အထိ မြဝတီမြို့နယ် အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၂၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၀၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁၆ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)အရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၁ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၅ ဦး တို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## MFF Basic Futsal Referee Course 1/2026 သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဒိုင်ကော်မတီနှင့် ဒိုင်ဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် MFF Basic Futsal Referee Course 1/2026 သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏ ဘောလုံးကွင်း သတင်းစာ ရှင်းလင်းပွဲခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ဒိုင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်သိန်းသိန်းအေးနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားအစီအစဉ်အရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဒိုင်ကော်မတီ ဒုတိယဥက္ကဋ္ဌက သင်တန်းဆင်းအမှာ စကားပြောကြားခဲ့သည်။ ထို့နောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် တာဝန်ရှိသူများက သင်တန်းသား ၂၀ ဦးနှင့် သင်တန်းသူ ခြောက်ဦး၊ စုစုပေါင်း ၂၆ ဦးတို့အား သင်တန်းဆင်းလက်မှတ်များကို အသီးသီးပေးအပ် ခဲ့သည်။

အဆိုပါ အခြေခံဖူဆယ်ဒိုင်သင်တန်းကို မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလ အတွင်း ဖူဆယ်ဒိုင်လူကြီးတစ်ဦး သိရှိလိုက်နာရမည့် စည်းမျဉ်း၊ ဥပဒေများနှင့် ကွင်းအတွင်း လက်တွေ့လုပ်ဆောင်ရမည့် အတတ်ပညာများကို စနစ်တကျသင်ကြားပို့ချပေးခဲ့သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများသည် အမှတ်တရ စုပေါင်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(NGB)




၀-၀-၀-၀




## အော်စကာ ဘောလုံးကစားသမားဘဝမှ အနားယူ



**လန်ဒန် ဧပြီ ၆**

ဘရာဇီးလက်ရွေးစင်အသင်းနှင့် ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမားဟောင်း အော်စကာသည် နှလုံးကျန်းမာရေးအခြေအနေကြောင့် ဘောလုံးကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ချဲလ်ဆီး၊ ဆောပေါ်လို၊ ရှန်ဟိုင်းဆိပ်ကမ်း၊ အင်တာနေစီယွန်နယ် စသည့် ကလပ်အသင်းများတွင် ကစားခဲ့ဖူးသလို၊ နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ဘရာဇီးလက်ရွေးစင်အသင်းနှင့်အတူ ပြိုင်ပွဲ ၄၈ ပွဲ ကစားကာ ၁၂ ဂိုးအထိ သွင်းယူထားသည်။

အသက်(၃၄)နှစ်အရွယ်ရှိ အော်စကာက "ကျွန်တော် နှလုံးကျန်းမာရေးအခြေအနေကြောင့် ကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးတစ်ယောက်ချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(ဝဲပုံ) (NGB)

## အင်္ဂလိပ်အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များထွက်ပေါ်



**လန်ဒန် ဧပြီ ၆**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

အင်္ဂလိပ်အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်တွင် မန်စီးတီးအသင်းနှင့် ဆောက်သမ်တန်အသင်း၊ ချဲလ်ဆီးအသင်းနှင့် လိဒ်စ်အသင်းတို့ အသီးသီးထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

အင်္ဂလိပ်အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို လာမည့် ဧပြီ ၂၅ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား ချန်ပီယံဆုကို ဆွတ်ခူးရန် မန်စီးတီးအသင်းက ရေပန်းစားလျက်ရှိသည်။

(အပေါ်ပုံ) (NGB)

## ထရစ်ပီယာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် နယူးကာဆယ်အသင်းမှ ထွက်ခွာမည်

**လန်ဒန် ဧပြီ ၆**

နယူးကာဆယ်အသင်း နောက်ခံကစားသမား ထရစ်ပီယာသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် အသင်းမှ ထွက်ခွာသွားတော့မည်ဖြစ်သည်။

အသက်(၃၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ် အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ထရစ်ပီယာသည် အသက်အရွယ်ပိုင်းအားဖြင့် ရင့်ရော်ပြီဖြစ်သော်လည်း ခြေစွမ်းပိုင်း ကျဆင်းခြင်းမရှိသေးသည့်အပြင်၊ နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၇ ပွဲ ကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

နောက်ခံကစားသမား ထရစ်ပီယာအနေဖြင့် နယူးကာဆယ်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)** (NGB)





## အင်တာမီလန်အသင်းက ရိုးမားအသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**မီလန် ဧပြီ ၆**

အီတလီစီးရီးအေပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အင်တာမီလန်အသင်းနှင့် ရိုးမားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်တာမီလန်အသင်းက ရိုးမားအသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အင်တာမီလန်အသင်းအတွက် သွင်းဂိုးငါးဂိုးကို ပွဲချိန် ၂မိနစ်နှင့် ၅၂မိနစ်တွင် မာတီနက်ဇ်၊ ပွဲချိန် (၄၅+၂)မိနစ်တွင် ကယ်လ်ဟာနိုဂလူ၊ ပွဲချိန် ၅၅ မိနစ်တွင် မာကပ်စ်သူရမ်နှင့် ပွဲချိန် ၆၃ မိနစ်တွင် ဘာရယ်လာတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

အင်တာမီလန်အသင်းသည် အီတလီစီးရီးအေပွဲစဉ် (၃၁)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၇၂မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်လျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အီတလီစီးရီးအေ ချန်ပီယံဆုကို ဆွတ်ခူးရန်လည်း အင်တာမီလန်အသင်းက ရေပန်းစားလျက်ရှိနေသည်။

(အပေါ်ပုံ) (NGB)

## ဆာဂျီယိုအာရီဘတ်စ်ကို ခေါ်ယူနိုင်ရန် ဆန်းဒါးလန်းအသင်း စိစဉ်

**လန်ဒန် ဧပြီ ၆**

ဆန်းဒါးလန်းအသင်းသည် အယ်လ်မားရီးယားအသင်း ကွင်းလယ်ကစားသမား ဆာဂျီယိုအာရီဘတ်စ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အယ်လ်မီးရီးယားအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၄ပွဲကစားပြီး ၃၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆန်းဒါးလန်းအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

အယ်လ်မားရီးယားအသင်းကလည်း ဆာဂျီယိုအာရီဘတ်စ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ကြေးနှုန်းတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ဆန်းဒါးလန်းအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် အယ်လ်မီးရီးယားအသင်းထံမှ ဆာဂျီယိုအာရီဘတ်စ်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)** (NGB)



## ဘောလုံးသတင်းအတိုအထွာများ

* မန်စီးတီးအသင်းကွင်းလယ်ကစားသမား ဘားနာဒိုဆေးလ်ဗား ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

* လိုက်ပဇစ်အသင်းသည် အာဆင်နယ်အသင်းနှင့် အဆင်မပြေဖြစ်နေသည့် တောင်ပံကစားသမား မာတင်နယ်လီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

(NGB)

## 2026 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Jessica Pegula ဆွတ်ခူး



**ဝါရှင်တန် ဧပြီ ၆**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အိမ်ရှင် အမေရိကန်တင်းနစ်မယ် Jessica Pegula က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Jessica Pegula သည် 2026 Credit One Charleston Open တင်းနစ်ပြိုင် ဗိုလ်လုပွဲအဆင့်တွင် ယူကရိန်းတင်းနစ်မယ် Yuliia Starodubtseva အား ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ Jessica Pegula က "ကျွန်မ အခုလို 2026 Credit One Charleston Open တင်းနစ်ပြိုင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ဝဲပုံ)** (NGB)

## တိုင်လီတာတီ နန့်တက်စ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**လန်ဒန် ဧပြီ ၆**

ပြင်သစ်လီဂူးကလပ် နန့်တက်စ်အသင်းသည် အသင်းနောက်ခံကစားသမား တိုင်လီတာတီကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် နန့်တက်စ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၁ပွဲ ကစားထားပြီး အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ်သတ်မှတ်ခြင်းခံထားရသောကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

နန့်တက်စ်အသင်း၏ ထုတ်ပြန်ချက်တွင် "တိုင်လီတာတီကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ သူဟာ အနာဂတ်မှာ ထွန်းတောက်လာမှာပါ။ အသင်းအနေနဲ့လည်း စာချုပ်သက်တမ်းကုန်ဆုံးတော့မယ့် ကစားသမားတွေကို စာချုပ်သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ) (NGB)

*-*-*-*-*-*-*

### ဥရောပချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်(ပ-ကျော့ပွဲစဉ်များ) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ရှုံးထွက်အဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၈-၄-၂၀၂၆ ဗုဒ္ဓဟူးနေ့ | နံနက် ၀၁:၃၀ နာရီ | ရီးရဲလ်မက်ဒရစ် (စပိန်-၂) - ဘိုင်ယန်မြူးနစ် (ဂျာမနီ-၁) | ရီးရဲလ်မက်ဒရစ် ၂-၁ ဘိုင်ယန်မြူးနစ်<br>ဘိုင်ယန်မြူးနစ် ၂-၂ ရီးရဲလ်မက်ဒရစ် |
| ။ | ။ | စပို့တင်းလစ္စဘွန်း (ပေါ်တူဂီ-၂) - အာဆင်နယ် (အင်္ဂလန်-၁) | စပို့တင်းလစ္စဘွန်း ၁-၅ အာဆင်နယ်<br>အာဆင်နယ် ၁-၁ စပို့တင်းလစ္စဘွန်း |

### အင်္ဂလိပ်ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၈-၄-၂၀၂၆ နံနက် ၀၁:၁၅ နာရီ | (၆)ဝက်ရဟမ်း (L,W,L,W,D) - ဆောက်သမ်တန်(၇) (D,W,W,W,W) | ________ |

# "တိုင်းရင်းသားတို့ပါဝင်ပျော် မန်းရေသဘင်ပွဲတော်" ပါဝင်ဆင်နွှဲဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး ဧပြီ ၆**

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် "တိုင်းရင်းသားတို့ပါဝင်ပျော် မန်းရေသဘင်ပွဲတော်" ၌ တိုင်းရင်းသားရိုးရာမဏ္ဍပ်ငယ်များပါဝင်ဆင်နွှဲမည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး (၈)ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါအစည်းအဝေးတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်က မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် တိုင်းရင်းသားရိုးရာ မဏ္ဍပ်ငယ်များဖြင့် အတာရေပက်ဖျန်း၍ ရိုးရာအစဉ်အလာနှင့်အညီ အတာရေသဘင်ပွဲတော် ပါဝင်ဆင်နွှဲဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများနှင့် ဖိတ်ကြားထားသည့် မန္တလေးမြို့အခြေစိုက်တိုင်းရင်းသားလူမျိုးစုများအဖွဲ့တို့က သင်္ကြန်ပွဲတော်အတွင်းတိုင်းရင်းသားရိုးရာမဏ္ဍပ်ငယ်များ၊ တိုင်းရင်းသားရိုးရာအစားအစာများနှင့်အတူ သက်ဆိုင်ရာရိုးရာဓလေ့နှင့်အညီ ပါဝင်ဆင်နွှဲမည့်အစီအစဉ်များနှင့် ပတ်သက်၍ အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက သင်္ကြန်ပွဲတော်ကာလ ရိုးရာယဉ်ကျေးမှုများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ အထွေထွေပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ တိုင်းရင်းသား ရေကစားမဏ္ဍပ်များကို ၂၆ လမ်း၊ ၆၉ လမ်းမှ ၇၇ လမ်းအထိ ဆောက်လုပ်လျက်ရှိပြီး တိုင်းရင်းသား ရိုးရာအကများ၊ စတုဒိသာကျွေးမွေးလှူဒါန်းမှု အစီအစဉ်များပါဝင်သွားမည်ဖြစ်ကြောင်းနှင့်အနယ်နယ်အရပ်ရပ်မှ တောင်ပေါ်မြေပြန့် သွေးချင်းမောင်နှမများ "တိုင်းရင်းသားတို့ ပါဝင်ပျော် မန်းရေသဘင်ပွဲတော်"သို့ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**



# Soft Skill သင်တန်းဆင်းပွဲ ကျင်းပ

**ပြင်ဦးလွင် ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre )တွင် Soft Skillသင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ရာ ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြဖြစ်သော Green Challenge Association မှ ဦးအောင်မျိုးပိုင်(Human Resource Management Consultant)က သင်တန်းနှင့်ပတ်သက်သော သုံးသပ်ချက်များအား ရှင်းလင်းပြောကြားပြီးနောက် စာရေးဆရာကိုရွှေအောင်သင်းက သင်တန်းဆင်းပွဲနှင့်ပတ်သက်၍ မုဒိတာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် သင်တန်းထူးချွန်ဆု ၁၀ ဆုနှင့် ခေါင်းဆောင်မှုအကောင်းဆုံးဆု ရှစ်ဆုရရှိသော ဆုရကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုလက်ဆောင်များနှင့် သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ Soft Skill သင်တန်းဆင်းပွဲသို့ ပြင်ဦးလွင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သွေးသွေး(ခရိုင်ပြန်/ဆက်)**

# နွေရာသီအပူရှိန်ပြင်းထန်မှုကြောင့် ပန်ကာနှင့် အအေးပေးလျှပ်စစ်ပစ္စည်းများ အရောင်းအဝယ် မြင့်တက်နေ

**မန္တလေး ဧပြီ ၆**

နွေရာသီကာလ အပူချိန်တဖြည်းဖြည်း မြင့်တက်လာမှုနှင့်အတူ ပြည်တွင်းဈေးကွက်အတွင်းရှိ ပန်ကာ၊ Air Cooler နှင့် အခြား အအေးပေးလျှပ်စစ်ပစ္စည်းများမှာ ဝယ်လိုအားကောင်းမွန်ကာ အရောင်းအဝယ်သွက်လက်နေကြောင်း လျှပ်စစ်ပစ္စည်းဈေးကွက်အတွင်းမှ သိရသည်။ **(အောက်ယာပုံ)**

လက်ရှိဈေးကွက်အတွင်း အခြေအနေအရ အဆိုပါအအေးပေးပစ္စည်းများကို အမျိုးအစားနှင့် အရည်အသွေးပေါ် မူတည်၍ ငွေကျပ် သောင်းဂဏန်းမှ သိန်းဂဏန်းအထိ မတူညီသည့် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ပြုလုပ်နေကြသည်။ အထူးသဖြင့် ဈေးနှုန်းသင့်တင့်ပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် တရုတ်နိုင်ငံထုတ် လျှပ်စစ်ပစ္စည်းများမှာ လူသုံးများလျက်ရှိပြီး ဝယ်လိုအား အမြင့်မားဆုံးဖြစ်နေသည်။

"အခုရက်ပိုင်း အပူချိန်ကတော်တော်လေးပြင်းလာတော့ ပန်ကာနဲ့ Air Cooler တွေကို လာမေးကြ၊ ဝယ်ကြတာ တော်တော်များပါတယ်။ လူတန်းစားမရွေး သုံးနိုင်တဲ့ဈေးနှုန်းတွေလည်းရှိသလို ဈေးနှုန်းသင့်တင့်တဲ့ တရုတ်ပစ္စည်းတွေလည်း အရောင်းရ သွက်နေပါတယ်"ဟု လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

နေရောင်ခြည်အပူဒဏ်ကို သက်သာစေရန် အထောက်အကူပြုသည့် ပန်ကာနှင့် လျှပ်စစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမွန်လာမှုကြောင့် ပစ္စည်းပေးသွင်းသူများအနေဖြင့်လည်း ဈေးကွက်လိုအပ်ချက်အလိုက် လက်လီ၊ လက်ကားဈေးနှုန်းများကို ပြင်ဆင်သတ်မှတ်ကာ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှုမရှိစေရန် ဆောင်ရွက်လျက်ရှိသည်။

မိုးလေဝသခန့်မှန်းချက်များအရ လာမည့်လများတွင် အပူချိန် ဆက်လက်မြင့်မားနိုင်သည့်အတွက် လျှပ်စစ်ပစ္စည်းဈေးကွက်၏ အရောင်းအဝယ် အလားအလာမှာ ဆက်လက်ကောင်းမွန်နေမည်ဟု ဈေးကွက်ကျွမ်းကျင်သူများက ခန့်မှန်းထားကြကြောင်း သိရသည်။**(မန္တလေးနေ့စဉ်-၈)**





# မြို့သစ်မြို့နယ်တွင် စိတ်ကြိုက်ပန်းချီပြိုင်ပွဲ ကျင်းပ

**မြို့သစ် ဧပြီ ၆**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ပန်းချီပညာကို ကောင်းစွာနားလည် သိရှိစေရန်အတွက် စိတ်ကြိုက်ပန်းချီပြိုင်ပွဲကို ဧပြီ ၃ ရက် မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ စိတ်ကြိုက်ပန်းချီပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြား၍ မြို့နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူအသင်း(Book Club )အဖွဲ့ဝင် ပန်းချီဆရာ ဦးတင်မောင်ဝင်းက ပန်းချီရေးဆွဲရာတွင် ပါဝင်ရမည့်အချက်များနှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့မှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ရှစ်ဦးက မိမိတို့ နှစ်သက်ရာ ပန်းချီပုံများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

# (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ဆောင်ရွက်

**မိတ္ထီလာ ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၅ ရက် နံနက်ပိုင်းက ပန်းတင်ကျေးရွာတွင် ကျင်းပခဲ့သည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသည့်အနက်မှ ရက်(၁၀၀)စီမံချက်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကွက်ငယ်ကျေးရွာအုပ်စု၊ ပန်းတင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဆောင်ရွက်ရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများအား ရှင်းလင်းပြောကြားသည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းစဉ်များအကြောင်းနှင့် စီမံကိန်းကော်မတီဝင်များ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းများကို ပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက အများသဘောဆန္ဒနှင့်အညီ စီမံကိန်း ကော်မတီဝင်များကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) (၄၆၉)**



## မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရှေးယခင်မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းအစဉ်အလာအတိုင်း အကအလှသရုပ်ဖော်အဖွဲ့များဖြင့် ခမ်းနားထည်ဝါစွာ ဖွင့်လှစ်သွားမည်

**မန္တလေး ဧပြီ ၆**

၂၀၂၆ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရှေးယခင် မြန်မာ့ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာအတိုင်း အကအလှသရုပ်ဖော်အဖွဲ့ အင်အား ၁၅၀၀ ကျော်ဖြင့် ခမ်းနားထည်ဝါစွာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေပိုင်းတွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၈)ထပ်ဆောင် ပထမထပ် အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင် ဦးမြင့်ဦးနှင့် ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ သက်ဆိုင်ရာဌာနတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်က ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို အနှစ်သာရရှိစွာဖြင့် ရည်ရွယ်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လစ်ဟာမှုမရှိအောင် ဆပ်ကော်မတီအလိုက် စနစ်တကျ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်း ပြောကြားပြီးနောက် တာဝန်ရှိသူများက လုပ်ငန်းအလိုက်ရှင်းလင်းတင်ပြကြရာ သံတော်ဆင့်နှင့် ရာဇာဝင်းခင်းအဖွဲ့၊ ခေတ်(၆)ခေတ် သရုပ်ဖော်မည့် လှည်းယဉ်အဖွဲ့၊ ရွှေခြေကျင်းနှင့် မန္တလေးသူ စက်ဘီးစီးအဖွဲ့၊ အတာအိုးနှင့်အတာကြိုပန်းအဖွဲ့၊ အိမ်တော်ရာထီးအဖွဲ့၊ ယပ်တောင်အဖွဲ့၊ ပဝါအဖွဲ့၊ ငွေဖလားနှင့် ပိတောက်အဖွဲ့၊ သနပ်ခါးကလပ်အဖွဲ့ လက်ဖက်ဆွမ်းအုပ်အဖွဲ့တို့ဖြင့် သတ်မှတ်နေရာများမှ အစီအစဉ်များအတိုင်း စတင်ထွက်ခွာပြီး မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ရှေ့သို့ ဂါရဝပြုဖြတ်သန်းမည့် အစီအစဉ်များကို အဆင်ပြေချောမွေ့စွာ ဆင်ယင်ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူအသီးသီးက ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အတွင်းရေးမှူးက အဖွဲ့အလိုက် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများကို လုပ်ငန်းတာဝန်များအလိုက် စနစ်တကျ တာဝန်ယူဆောင်ရွက်ကြရေးနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ယခင်နှစ်က မန္တလေးငလျင်ကြီးလှုပ်ခပ်မှုကြောင့် သင်္ကြန်ပွဲတော်ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ ယခုနှစ်တွင် ထူးထူးခြားခြား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မန္တလေးမြို့တော် မဟာသင်္ကြန်ဖွင့်ပွဲ အခမ်းအနားကျင်းပပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းမီဒီယာများမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။ **ရွှေမန်း**

## မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်နှင့် မြို့တွင်းသင်္ကြန် ရေကစားမဏ္ဍပ်များ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်တွင် ကျရောက်သော မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မန္တလေးနန်းမြို့ ကျုံးပတ်လည်နှင့် မန္တလေးမြို့တော်အတွင်း အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီမံထားရှိပါသည် -

(က) ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်း၊ ကျုံးအနောက်ဘက်ခြမ်း လမ်း ၈၀၊ ကျုံးအရှေ့ဘက်ခြမ်း ၆၆ လမ်းနှင့် ကျုံးမြောက်ဘက်ခြမ်း ၁၂ လမ်း ကျုံးပတ်လည်တွင် လမ်းလျှောက်သင်္ကြန်ကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ ဆောက်လုပ်၍ နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေကာ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။

(ခ) ၇၃ လမ်းတစ်လျှောက် သဇင်လမ်းမှ ငုရွှေဝါလမ်းအထိ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်၌ ရေကစားမဏ္ဍပ်ရှေ့တွင် လောင်းလှေများ၊ ကြယ်ပွင့်များ၊ ပန်းအလှခြင်းများ၊ ရောင်စုံထီးများ၊ မြန်မာ့ရိုးရာ သနပ်ခါး သင်္ကြန် အစီအစဉ်များဖြင့် အလှဆင်ဆောင်ရွက်မည့်အပြင် ရေကစားမဏ္ဍပ်အသေးများ ဆောက်လုပ်သွားမည်ဖြစ်ပြီး နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေ၍ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။

(ဂ) မန္တလေးမြို့တော်အတွင်းနှင့် ကျုံးပတ်လည်နေရာများတွင် ရေကစားမဏ္ဍပ် ဆောက်လုပ်၍ ရေပက်ကစားလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားနိုင်ပါသည်။

(ဃ) ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်နေရာများတွင် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များဖြင့် ဝင်ရောက်ခြင်း လုံးဝခွင့်မပြုပါ။

၂။ သို့ဖြစ်ပါ၍ မန္တလေးမြို့ပေါ် (၆)မြို့နယ်ရှိ လမ်းမကြီးများနှင့် မန္တလေး နန်းမြို့ ကျုံးပတ်လည်တွင် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်၍ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရေကစားလိုသူများအနေဖြင့် ရေကစားရန်နေရာများကို **"မည်သည့်အခွန်အခများ ပေးသွင်းရန် မလိုဘဲ"** ဦးရာလူစနစ်ဖြင့် ပုဂ္ဂလိကသင်္ကြန်မဏ္ဍပ်များ ပြင်ဆင်ရေးနှင့် ဖျော်ဖြေရေး လုပ်ငန်းများ စနစ်တကျရှိစေရေး လုပ်ငန်းကော်မတီ၊ ဖုန်းနံပါတ် ၀၉-၂၆၂၂၉၁၃၇၄၊ ၀၉-၂၅၆၃၇၈၆၅၄ တို့ထံသို့ **(၉-၄-၂၀၂၆)**ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဗဟိုကော်မတီ။**

## ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းပြုပြင်ဆောင်ရွက်

**မန္တလေး ဧပြီ ၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်အတွင်းရှိ ရပ်ကွက်ပြည်သူများ၏ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်း ပြုပြင်မှုများကို ဧပြီ ၅ ရက် နံနက်ပိုင်းက စတင်ဆောင်ရွက်ခဲ့သည်။



အဆိုပါ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်း ပြုပြင်ဆောင်ရွက်မှုများကို မဟာအောင်မြေမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဟေမမာလာတောင်လမ်းနှင့် ရေသန့်ထုတ်လုပ်နေမှုများကို ကြည့်ရှု၍ ဟေမမာလာတောင်ရပ်ကွက်အတွင်းရှိ ရပ်ကွက်ပြည်သူများ၏ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းပြုပြင်ရန်အတွက် လိုအပ်သော ကျောက်၊ သဲ၊ ဘိလပ်မြေများကို ကူညီပံ့ပိုး ထောက်ပံ့ပေးအပ်ခဲ့ပြီး လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၅၆)**

## စားအုန်းဆီအရောင်းဆိုင်များ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စားအုန်းဆီ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသော အရောင်းဆိုင်များ သတ်မှတ်ရည်ညွှန်းဈေးနှင့်အညီ ရောင်းချမှုရှိ၊ မရှိကို ဧပြီ ၅ ရက် နံနက်ပိုင်းက မန္တလေးမြို့ပေါ်ရှိ စားသုံးဆီအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်၏ ကြီးကြပ်ဦးဆောင်မှုဖြင့် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဇေယျာဆွေ၊ တိုင်းဒေသကြီး စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စားအုန်းဆီ ဖြန့်ဖြူးရောင်းချသူများအနေဖြင့် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ဗီနိုင်း(Vinyl)များ ချိတ်ဆွဲဖြန့်ဖြူးရောင်းချမှုရှိ၊ မရှိ၊ အလေးချိန်မှန်ကန်မှု ရှိ၊ မရှိ၊ ဆီစာအုပ်များကို စနစ်တကျ ထုတ်ပေးရေးနှင့် ရရှိသော ဆီပိဿာချိန်များကို ပြည်သူများထံသို့ အမှန်တကယ်ရောင်းချမှု ရှိ၊ မရှိ စစ်ဆေးပြီး ရောင်းချဖြန့်ဖြူးသူများနှင့် စားသုံးဆီဝယ်ယူသည့် ပြည်သူများအား ဝယ်ယူရောင်းချမှုအခြေအနေနှင့် အခက်အခဲများအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အနေဖြင့် အိမ်ထောင်စုတစ်စုအတွက် ဆီစာအုပ်တစ်အုပ်လျှင် တစ်လ နှစ်ပိဿာနှုန်းဖြင့် လက်ကားကိုယ်စားလှယ် ၅၂ ဦး၊ လက်လီကိုယ်စားလှယ် ၇၂၉ ဦးက တစ်လလျှင် ဆီတန်ချိန်ပေါင်း ၆၅၅၀ တန်အား ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများအတွက် တစ်ဦးကို တစ်လလျှင် နှစ်ပိဿာနှုန်းအား ရည်ညွှန်းဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**

**ဥတုရာသီ တောကိုမှီ၏။**

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



## သစ်ဂျပိုးခေါက်

နားလေးနေလျှင် ပျားရည်နဲ့ သစ်ဂျပိုးခေါက်တို့ကို ဆတူရောပြီး နေ့စဉ်စားပေးလျှင် အကြားအာရုံ ပြန်လည်ကောင်းမွန်စေပါတယ်။

အစာမကြေခြင်းနဲ့ အစာအိမ်နာခြင်းဖြစ်လျှင် ပျားရည်လက်ဖက်ရည်ဇွန်း နှစ်ဇွန်းထဲသို့ သစ်ဂျပိုးခေါက်မှုန့်အနည်းငယ်ဖြူးပြီး အစာမစားမီ စားပေးရင် အစာအိမ်အချဉ်ပြန်တာ၊ အစားများလို့ အစာမကြေတာတွေ ပျောက်ကင်းပါတယ်။

အအေးမိပြီး ချောင်းဆိုးလျှင် ပျားရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းထဲသို့ သစ်ဂျပိုးခေါက်မှုန့် လက်ဖက်ရည်ဇွန်း ¼ ဇွန်းထည့်မွှေပြီး သုံးရက်ဆက်တိုက်သောက်ရင် ပျောက်ကင်းပါတယ်။

အရေပြားရောဂါဖြစ်လျှင် ပျားရည်နဲ့ သစ်ဂျပိုးခေါက်မှုန့်ကို ဆတူရောပြီး လိမ်းပေးရင် ဝဲ၊ နှင်းခူ၊ ပွေးနဲ့ အရေပြားရောဂါအမျိုးမျိုးပျောက်ကင်းပါတယ်။

ကင်ဆာဖြစ်လျှင် ပျားရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းနဲ့ သစ်ဂျပိုးခေါက်မှုန့် လက်ဖက်ရည်ဇွန်းတစ်ဇွန်းကိုရောပြီး တစ်နေ့လျှင်သုံးကြိမ် တစ်လတိတိသောက်ပေးရင် အစာအိမ်ကင်ဆာ၊ အရိုးကင်ဆာပျောက်ကင်းတဲ့အကြောင်း ဂျပန်နဲ့ ဩစတြေးလျမှာပြုလုပ်တဲ့ သုတေသနတွေမှာ တွေ့ရပါတယ်။

အအေးမိ၊ တုပ်ကွေးဖြစ်လျှင် ရေနွေးပူပူတစ်ဖန်ခွက်ထဲသို့ ပျားရည်လက်ဖက်ရည်ဇွန်းနှစ်ဇွန်းထည့်မွှေပြီး သောက်ပေးရင် ပျောက်ကင်းပါတယ်။

အဆစ်အမြစ်ရောင်လျှင် ရေနွေးပူပူ တစ်ဖန်ခွက်ထဲသို့ ပျားရည်လက်ဖက်ရည်ဇွန်းနှစ်ဇွန်း၊ သစ်ဂျပိုးခေါက်မှုန့် လက်ဖက်ရည်ဇွန်းတစ်ဇွန်းထည့်မွှေပြီး သောက်ပေးရင် ပျောက်ကင်းပါ တယ်။

ဝက်ခြံပေါက်လျှင် ပျားရည်လက်ဖက်ရည်ဇွန်းသုံးဇွန်းကို သစ်ဂျပိုးခေါက်မှုန့်အနည်းငယ်နဲ့ သမအောင်မွှေပြီး ညအိပ်ရာဝင်ချိန် လိမ်းပေးပါ။ မနက်အိပ်ရာထတွင် ရေနွေးနွေးနဲ့ မျက်နှာသစ်ပေးပါ။ (နေ့စဉ် နှစ်ပတ်လောက်လုပ်ပေးပါ။)

နှလုံးရောဂါဖြစ်လျှင် ပျားရည်နဲ့ သစ်ဂျပိုးခေါက်မှုန့်ကို သမအောင်မွှေပြီး နံနက်စာမှာ ပေါင်မုန့်မီးကင်နဲ့ နေ့စဉ်စားလျှင် ကိုလက်စထရောကျပြီး နှလုံးရောဂါပျောက်ကင်းပါတယ်။

ပင်ပန်းနွမ်းနယ်နေလျှင် ရေနွေးပူပူတစ်ဖန်ခွက်ထဲသို့ ပျားရည်လက်ဖက်ရည်ဇွန်းနှစ်ဇွန်းနှင့် သစ်ဂျပိုးခေါက်မှုန့်နည်းနည်းဖြူးပြီးသောက်ရင် ပျောက်ကင်းပါတယ်။

လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံနာနေလျှင် ပျားရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းနှင့် သစ်ဂျပိုးခေါက်မှုန့်လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို ရောသမမွှေပြီး နည်းနည်းချင်းလျှက်ပေးပါ။ သုံးနာရီ တစ်ကြိမ် ဝေဒနာပျောက်သည်အထိ လျှက်ပေးပါ။

ဆီးအိမ်ပိုးဝင်လျှင် ရေနွေးနွေးတစ်ဖန်ခွက်ထဲသို့ ပျားရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းနဲ့ သစ်ဂျပိုးခေါက်မှုန့်အနည်းငယ်ကို ရောမွှေပြီး သောက်ပေးပါ။

ပျားရည်လက်ဖက်ရည်ဇွန်းနှစ်ဇွန်း၊ သစ်ဂျပိုးခေါက်မှုန့်လက်ဖက်ရည်ဇွန်းသုံးဇွန်းကို လက်ဖက်ရည်အကြမ်း ၁၀၀ စီစီမှာ ရောမွှေပြီးသောက်ပေးရင် ကိုလက်စထရောတက်နေသူများ ၂ နာရီအတွင်း ၁၀ ရာခိုင်နှုန်းကျသွားပါလိမ့်မယ်။

ခံတွင်းနံ့နံနေလျှင် ရေနွေးပူပူတစ်ဖန်ခွက်ထဲသို့ ပျားရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်း၊ သစ်ဂျပိုးခေါက်မှုန့်အနည်းငယ်ကို ရောမွှေပြီး ခပ်နွေးနွေးဖြစ်လျှင် ပလုတ်ကျင်းပေးပါ။



## ပိုးစာသီး

အရွက်များကို ပိုးချည်ကောင်များအတွက် အစားအစာအဖြစ်ရရှိရန် အာရှနဲ့ မြောက်အမေရိကမှာ အဓိကစိုက်ပျိုးကြပါတယ်။

အသီးများမှာ အနက်ရောင်၊ အဖြူရောင်နဲ့ အနီရောင်များရှိပြီး ဝိုင်ဖျော်ရည်၊ ယိုနဲ့ စည်သွတ်လုပ်ငန်းတွေမှာ အသုံးပြုကြပါတယ်။

နှလုံးရောဂါခံစားရမှုကို လျော့နည်းစေပါတယ်။ ဗီတာမင်စီ ပါဝင်တဲ့အတွက် အရေပြားကျန်းမာရေးကောင်းစေပြီး ခန္ဓာကိုယ် ဆောင်ရွက်ချက်များကို ကူညီပေးပါတယ်။ ကျန်းမာရေးကို အကျိုးပြုတဲ့ Iron, Vitamin K1, Potassium, Vitamin E တို့လည်း ပါဝင်ပါတယ်။

ရင့်မှည့်ပြီး အရောင်ရင့်နေတဲ့ အသီးများမှာ အပင်ဓာတ်ပေါင်း ပိုမိုကြွယ်ဝပါတယ်။

**Anthocyanins**

ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်ပြီး Bad Cholesterol (LDL) များ ဓာတ်တိုးခြင်းကို ကာကွယ်တားဆီးပေးပါတယ်။

**Cyanidin**

Anthocyanin အုပ်စုမှာ အဓိကပါဝင်တဲ့ ဓာတ်ပေါင်းဖြစ်ပြီး အသီးများကို အနက်ရောင်၊ အနီရောင်နဲ့ မရမ်းရောင်များ ဖြစ်စေပါတယ်။

**Chlorogenic Acid**

သစ်သီးနဲ့ ဟင်းသီးဟင်းရွက်များမှာ များစွာပါတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်ပါတယ်။

**Ruten**

အစွမ်းထက်တဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်ပြီး နာတာရှည်ရောဂါများဖြစ်ကြတဲ့ ကင်ဆာရောဂါ၊ ဆီးချိုရောဂါနဲ့ နှလုံးရောဂါတို့ကို ကာကွယ်ရာမှာ ကူညီပေးပါတယ်။

**Myrcetin**

ကင်ဆာရောဂါများကို ကာကွယ်ရာမှာ အကျိုးပြုပါတယ်။

သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်ပါတယ်။ အမှတ်(၂) ဆီးချိုရောဂါရှိသူများမှာ သွေးတွင်းသကြားဓာတ် လျင်မြန်စွာ တက်လေ့ရှိတဲ့အတွက် ကာဘိုဟိုက်ဒရိတ်ပါတဲ့ အစားအစာများကို စားတဲ့အခါ သတိထားဂရုစိုက်ရပါမယ်။

ပိုးစာသီးမှာ 1-deoxynojirimycin (DNJ) Enzyme ပါဝင်တဲ့အတွက် အူလမ်းကြောင်းမှာ ကာဘိုဟိုက်ဒရိတ်များ ဖြိုခွဲခြင်းမပြုရန် တားဆီးပေးပါတယ်။

ကင်ဆာရောဂါခံစားမှု လျော့နည်းစေပါတယ်။ ရှေးရာစုနှစ်များစွာကပင် တရုတ်တိုင်းရင်းဆေးမှာ ကင်ဆာရောဂါကို ကုသရန် ပိုးစာသီးကို အသုံးပြုကြပါတယ်။

သွေးဖိအားပုံမှန်ဖြစ်စေရန် ထိန်းပေးပါတယ်။ Resveratrol (Flavonoid) ပါဝင်တဲ့အတွက် သွေးခဲခြင်းကို လျော့စေပြီး လေဖြတ်ခြင်းနဲ့ နှလုံးရောဂါများကို မဖြစ်စေရန် ကာကွယ်ပေးပါတယ်။

Zeaxanthin (Carotenoids) ပါဝင်တဲ့အတွက် အမြင်အာရုံကို ကြည်လင်စေပါတယ်။

ပိုးစာပင်အရွက်ကလည်း ဆေးဖက်ဝင်ပါတယ်။ ဆီးချိုရောဂါ၊ နှလုံးရောဂါနဲ့ အသည်းရောဂါတွေအတွက် အသုံးပြုကြပါတယ်။



## ဇရစ်

ဇရစ်ကို ရောဂါမျိုးစုံကုသရာမှာ အသုံးပြုကြပါတယ်။ အဆစ်အမြစ်နာကျင်ကိုက်ခဲခြင်း၊ အဆုတ်ရောင်ရမ်းခြင်း၊ ချောင်းဆိုးသွေးပါရောဂါ၊ ဝမ်းဗိုက်နာခြင်း၊ အူလမ်းကြောင်းရောဂါများနဲ့ ကင်ဆာရောဂါတွေကို ကုသရာမှာ အသုံးပြုကြပါတယ်။

အာဟာရဓာတ်ပါဝင်တဲ့အပြင် အပင်ဓာတ်ပေါင်းများ(Phyto Chemicals)အနေနဲ့ Aldehydes, Alkaloids, Carotenoids, Flavonoids, Fatty Acids, Ketones, Lignans, Phenolics, Terpenoids, Steroids နဲ့ Volatile တို့ ပါဝင်ကြပါတယ်။

အပင်ဓာတ်ပေါင်းများပါတဲ့အတွက် ဓာတ်တိုးဆန့်ကျင်နိုင်တဲ့ ဂုဏ်သတ္တိရှိပါတယ်။ အာဟာရဓာတ် Zinc, Magnesium, Calcium, Manganese နဲ့ Molybdenum တို့လည်း ပါဝင်ပါတယ်။

ချောင်းဆိုးခြင်း၊ ဝမ်းဗိုက်နာခြင်းနဲ့ အခြားနာကျင်ခြင်းတို့ကို ကုသရန် အရွက်ကို အသုံးပြုပါတယ်။

အမြစ်ဖုနဲ့ အရွက်များကို တီဘီရောဂါ၊ ဝမ်းဗိုက်နာခြင်း၊ အကောင်များကိုက်ခြင်း၊ ဒဏ်ရာအနာတရဖြစ်ခြင်းနဲ့ အဆစ်အမြစ်ကိုက်ခဲခြင်းတို့ကို ကုသရန် အသုံးပြုပါတယ်။

အမြစ်ကို ရေနဲ့ပြုတ်ပြီး အအေးခံကာ မွေးကင်းစ ကလေးငယ်များကို ရေချိုးပေးကြပါတယ်။

အဆုတ်ရောင်ခြင်း၊ ချောင်းဆိုးသွေးပါရောဂါ၊ ဝမ်းဗိုက်နာကျင်ခြင်းနဲ့ အူအတွင်းရောဂါတွေ ကုသရာမှာလည်း အသုံးပြုပါတယ်။

သွေးသားကို သန့်စင်စေပါတယ်။ အသည်းလုပ်ဆောင်ချက်များ ပိုမိုကောင်းမွန်စေရန် လှုံ့ဆော်ပေးပါတယ်။ ခန္ဓာကိုယ်မှ အဆိပ်အတောက်တွေကို ဖျက်ပြယ်စေပါတယ်။

အမျှင်ဓာတ်ကြွယ်ဝတဲ့အတွက် အစာခြေဖျက်မှုကို တိုးတက်ကောင်းမွန်စေပါတယ်။ ဝမ်းချုပ်ခြင်းမဖြစ်စေရန် ကာကွယ်ပေးပြီး အူလှုပ်ရှားမှုကို ပိုမိုကောင်းမွန်စေပါတယ်။

အမျှင်ဓာတ်ကြွယ်ဝပြီး ကယ်လိုရီနည်းတဲ့အတွက် ဗိုက်ပြည့်သလို ခံစားရပြီး ထပ်မံစားလိုစိတ်ကို လျော့နည်းစေကာ ခန္ဓာကိုယ်အလေးချိန်ထိန်းနိုင်ရန် ကူညီပေးပါတယ်။

ခန္ဓာကိုယ်တွင်း သကြားဓာတ်ကို ပုံမှန်ဖြစ်စေရန် ထိန်းပေးနိုင်ပါတယ်။ အမျှင်ဓာတ်က သကြားစုပ်ယူမှုကို နှေးကွေးစေခြင်းဖြင့် ဆီးချိုရောဂါကို ထိန်းပေးနိုင်ပါတယ်။

ပိုတက်စီယမ် ပါဝင်နေတာကလည်း နှလုံးရောဂါခံစားနေရမှုကို လျော့နည်းစေပါတယ်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါတဲ့အတွက် ခန္ဓာကိုယ်ခုခံနိုင်စွမ်းအား မြင့်တက်ပြီး သန်မာကြံ့ခိုင်စေပါတယ်။

အရေပြားကျန်းမာရေးကောင်းစေရန် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနဲ့ ဗီတာမင်များ ပါဝင်ပါတယ်။ အရေပြားမှာ အသက်အရွယ်ကြောင့် ဖြစ်လာတဲ့ အရေးအကြောင်းများ ဖြစ်ပေါ်လာမှုကို နှေးသွားစေပြီး အသားအရေကို ကြည်လင်စေပါတယ်။

ဇရစ်ဟာ ဆေးဖက်ဝင်ရုံသာမက နှစ်ခြိုက်စွာ စားသုံးကြတဲ့ ခံတွင်းမြိန်စေတဲ့ ဟင်းလျာလည်း ဖြစ်ပါတယ်။



## သမန်းပင်

အပင်ရဲ့အစိတ်အပိုင်းများမှာ ဆေးဖက်ဝင်ပြီး သမားတော်များကပင် မှန်းရတဲ့အပင်ဖြစ်တဲ့အတွက် သမားမှန်းပင်၊ သမုန်းပင်လို့ ခေါ်ကြပါတယ်။

အအေးမိခြင်း၊ ဖျားနာခြင်းနဲ့ ခေါင်းကိုက်ခြင်းတို့ကို သက်သာစေပါတယ်။

ပန်းပွင့်လေးများမှာ သေးငယ်ပြီး အစိမ်းဖျော့ရောင် ပွင့်ချပ်လေးခု ပါရှိပါတယ်။ အပင်အမြင့်မှာ ၁၈ မီတာခန့် ရှိပါတယ်။

နှစ်စဉ် ဖေဖော်ဝါရီလနဲ့ မတ်လများတွင်သာ ရရှိနိုင်တဲ့ သမုန်းပင်မှ ရွက်နုနဲ့ အဖူး၊ အပွင့်များကို စားသုံးခြင်းဖြင့် တစ်သက်သာ ကျန်းမာရေးကောင်းစေရန် အထောက်အပံ့ကောင်းပေးနိုင်ပါတယ်။

သမုန်းပင်ရဲ့အရွက်၊ အဖူး၊ ပန်းပွင့်၊ အခေါက်၊ အမြစ်တို့ကို ဆေးဖက်ဝင်အဖြစ် အသုံးပြုကြပါတယ်။

သမုန်းရွက်နု၊ အဖူး၊ အပွင့်တွေကို ရေနွေးဖြော့ပြီး သုပ်စားကြပါတယ်။ ကင်ဆာရောဂါလည်း ပျောက်ကင်းပါတယ်။

သမုန်းရွက်နဲ့ အမြစ်များကို ဖောရောင်ခြင်း၊ အအေးမိခြင်း၊ ချောင်းဆိုးခြင်းနဲ့ အစာအိမ်ရောင်နာဖြစ်ခြင်းတို့မှာ ဆေးအဖြစ် အသုံးပြုပါတယ်။

**“ အာရောဂျံ ပရမံ လာဘံ ”**

**ကိုးကား – Tik Tok**

# စာအုပ်စင်ကဏ္ဍ

| | |
|---|---|
| စာအုပ်အမည် | - ပုတုတုလေး ရယ်စရာပျော်ရွှင်စရာ ဉာဏ်စမ်းပဟေဠိ(၁) |
| စာရေးသူ | - မြတ်သူစံ(ဝါးခယ်မ) |
| ထုတ်ဝေသည့်စာပေတိုက် | - ဂျူတီစာပေ |
| စာမျက်နှာ | - ၁၁၆ မျက်နှာ |
| တန်ဖိုး | - ၃၇၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - ကာတွန်းမောင်မောင်အောင် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ မတ်လ (တတိယအကြိမ်) |

မြတ်သူစံ(ဝါးခယ်မ)စီစဉ်ရေးသားသော ပုတုတုလေး ရယ်စရာ ရွှင်စရာ ဉာဏ်စမ်းပဟေဠိကို ၂၀၀၀ ပြည့်နှစ်တွင် ပထမအကြိမ်ဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း ထွက်ရှိခဲ့ပြီးဖြစ်သည်။ ယခု တတိယအကြိမ်အဖြစ် ပြန်လည်ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်းဖြစ်သည်။




စာအုပ်တွင် ကာတွန်းရွှေလူ၏ သရုပ်ဖော်ပုံများဖြင့် ဖတ်ရှုရမည်ဖြစ်ပြီး ကလေးတို့၏ စိတ်အာဟာရအဖြစ် ကျေနပ်ပျော်ရွှင်စေမည်ဖြစ်သည်။ ထို့ပြင် ကလေးတို့၏ ဉာဏ်ရည်ဉာဏ်သွေးရှင်သန်ထက်မြက်သွက်လက်စေရန် ရည်ရွယ်သော စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - အကျိုးအမြတ်ရရှိခြင်းထက် ပို၍လေးနက်သော |
| စာရေးသူ | - အောင်လှိုင်(မြန်မာပြန်) |
| ထုတ်ဝေသည့်စာပေတိုက် | - ဂျူတီစာပေ |
| စာမျက်နှာ | - ၁၂၄ မျက်နှာ |
| တန်ဖိုး | - ၆၀၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ် ၊ မတ်လ (ဒုတိယအကြိမ်) |




မူရင်းစာရေးဆရာ Dale Partridge ၏ People Over Proftt စာအုပ်ကို မြန်မာပြန်ဆိုထားပြီး အပိုင်း သုံးပိုင်းဖော်ပြထားသည်။

အပိုင်း(၁)တွင် ကျွန်ုပ်တို့ အကျပ်ရိုက် ပိတ်မိနေသော စက်ဝန်း၊ အပိုင်း(၂)တွင် နားလည်မှုတွေက အပြောင်းအလဲတွေကို ဖြစ်လာစေတယ်။ အပိုင်း(၃)တွင် ကောင်းတာတွေကို အစားထိုးနိုင်စေဖို့ လက်ရှိစနစ်တစ်ခုလုံးကို ပိတ်သိမ်းပါ စသည်တို့ဖြစ်သည်။

အောင်မြင်မှုရရှိသော ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ၏ အဆိုအမိန့် ဒဿနများကို လေ့လာဖတ်ရှုရမည်ဖြစ်ပြီး အောင်မြင်မှုဖြင့် ဘဝကိုရပ်တည်လိုသူများ လက်စွဲဖတ်ရှုရမည့်စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယဉ်ကျေး

## ရှင်လန်းနှစ်ဆန်းသကြန်

* လတန်ခူး
မှတ်ဖူးသိရ နေ့တာ ညတာ
မကွာတူညီ ချိန်နာရီနှင့်
ရာသီမိဿ စိတြကြယ်
တိမ်မိုးလယ်မှာ စမွာယ်ပျော်မြူး
အတာကူးပေါ့ တူးပို့သံလှိုင်
မြိုင်မြိုင်ဆိုင်ဆိုင် တိုင်းနိုင်ငံတွင်း
ရေပက်ရင်းနှင့် သီချင်းသီဆို
ပျိုပျိုအိုအို ရေစိုလို့ရွှဲ။
* တန်ခူးရေကုန်
ဆွေ့ဆွေ့ခုန်တော့ နေကုန်ရေဆော့
ချမ်းအေးတော့တော် မေးငေါ့လို့ခေါ်
ရေမှာပေါ်တဲ့ မခေါ်မုန့်လုံး
စားပါဦးဆို ထုံးမပျက်ပါ
ပြုံးမျက်နှာချို တာရေပက်ဖျန်း
ရွှင်ရွှင်လန်းလန်း နှစ်ဆန်းသကြန်။
* တစ်နှစ်ဆန်းပြန်
နှစ်ဆန်းတစ်ရက် စဉ်လာဆက်ဆက်
မပျက်သစ္စာ စေတနာထက်
သဒ္ဓါလက်ယှက် ပေးကမ်းရက်ရော
သက်ကြီးရွယ်အို နေမင်းညိုခိုက်
စိတ်လိုလိုက်ကာ ကြိုက်ရာကိုမေး
တာရေအေးနှင့် ဆေးကြောပေးပါမည် ။ ။

**ဝင်းမောင်(မန်း)**

# ပြည်သူ့စာကြည့်တိုက်တွင် AI အသုံးချနည်းပညာသင်တန်းဖွင့်လှစ်

**တောင်တွင်းကြီး မေ ၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် AI အသုံးချနည်းပညာသင်တန်းကို ယမန်နေ့နံနက် ၉နာရီက ဖွင့်လှစ်ခဲ့သည်။



သင်တန်းတွင် AI Overview အကြောင်း၊ AI သည် သင်္ချာဆိုင်ရာ ကျိုးကြောင်းဆင်ခြင်ခြင်းမှ အများပြည်သူဝန်ဆောင်မှုများနှင့် မူဝါဒများအပေါ် သက်ရောက်မှုရှိသော အစွမ်းထက်သည့် စက်သင်ယူမှုစနစ်များ (Introduction) အကြောင်း၊ Robot များ၏ ဦးနှောက်အတု ခွဲခြမ်းစိတ်ဖြာသည့် Topic 1 အကြောင်း၊ HISTORY OF ARTIFICIAL INTELLIGENCE Program များအကြောင်း၊ ရွှေရောင်နှစ်များနှင့် AI ဆောင်းရာသီများအကြောင်း၊ ပြန်လည်နိုးကြားလာမှုနှင့် Big Data များအကြောင်း၊ Core Mathematical Foundations အကြောင်းနှင့် Understanding Mathematical Model များနှင့်ပတ်သက်၍ သင်တန်းနည်းပြဆရာ ဦးကျော်ဝင်းလတ် M.E (Telecommunition) , Russia,Ph.D (Netural Network), M.I.I.T Russia) က စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့သည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများအား Group များဖွဲ့ကာ တောင်တွင်းကြီးမြို့နယ်နှင့် ပတ်သက်သည့် AIပုံများ ထုတ်ကာ ပြိုင်ပွဲကျင်းပခဲ့ပြီး အကောင်းဆုံးဓာတ်ပုံများအား ဆုချီးမြှင့်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တောင်တွင်းကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**နောင်နောင် (ဓိဿနီးမြေ)**




# နွေရာသီဘောလုံးအားကစားနည်းသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**ကျွန်းလှ မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဘောလုံးအားကစားနည်း အဆင့်တန်းတိုးတက်မြင့်မားစေရန်၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်အတွက် နွေရာသီဘောလုံးအားကစားနည်းသင်တန်းကို ရွှေကျွန်းမြေအားကစားကွင်း၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

"ဒီနှစ် နွေရာသီမှာ လူငယ်လူရွယ်များနဲ့ ကျောင်းသား၊ ကျောင်းသူများ မိမိတို့ဝါသနာပါတဲ့ အားကစားနည်းများ သင်ကြားနိုင်ရန်အတွက် အားကစားနည်းများ လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ ဘောလုံးအားကစားနည်းမှာ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း၊ သွေးပူလေ့ကျင့်ခန်း၊ အခြေခံဘောလုံးအားကစားနည်းနဲ့ ဥပဒေနည်းစနစ်များ သင်ကြားပေးလျက်ရှိပါတယ်"ဟု မြို့နယ်အားကစားမှူး ဒေါ်နွယ်နွယ်ထွန်းက ပြောသည်။

ကျွန်းလှမြို့နယ်တွင် နွေရာသီ အခြေခံအားကစားသင်တန်းများအဖြစ် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ Myanmar Fitness Dancer၊ အေရိုးဗစ်သင်တန်းများကို သက်ဆိုင်ရာနည်းပြများဖြင့် စနစ်တကျသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(၄၈၀)**

၀-၀-၀-၀-၀-၀



## စာအောင်သံဃာတော်များအား အောင်လက်မှတ် ဆက်ကပ်လှူဒါန်း

**ပင်လောင်း မေ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ ဒုတိယ အကြိမ်ကျင်းပသည့် အစိုးရပါဠိ ပထမပြန်စာမေးပွဲ စာအောင် သံဃာတော်များအား အောင် လက်မှတ် ဆက်ကပ်လှူဒါန်းခြင်း နှင့် တတိယအကြိမ် အစိုးရပါဠိ ပထမပြန်စာမေးပွဲ အောင်ပွဲ တရားတော်နာယူခြင်းကို ယမန် နေ့ နံနက် ၉ နာရီခွဲက ရင်းမိုး ပရိယတ္တိစာသင်တိုက်၌ ကျင်းပ သည်။

ရှေးဦးစွာ ကြွရောက်တော် မူလာကြသော ဆရာတော်၊ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမတို့က 'နမောတဿ' သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ကို ဖွင့်လှစ်ပြီး ရင်းမိုးပရိယတ္တိ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝါယာမက ဩဝါဒကထာ မြွက် ကြားတော်မူသည်။

ဆက်လက်၍ ဒါယကာ၊ ဒါယိကာမများက ဩကာသ ကန်တော့ချီးဖြင့် ဘုရားရှိခိုး ကန်တော့ကြပြီး မြို့နယ်သံဃ နာယကအဖွဲ့ အကျိုးတော်ဆောင် မြသိန်းတန်ဆရာတော် ဘဒ္ဒန္တ မင်္ဂလထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြကာ ဆရာ တော်၊ သံဃာတော်များက မေတ္တ သုတ် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

အခမ်းအနားတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင့်ဇော် ထက်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားကာ အလှူငွေများ ဆက်ကပ်လှူဒါန်း ပြီး ရင်းမိုးရပ်ကွက်နှင့် နောင် တရား ဓမ္မစကြာအဖွဲ့မှ စာ အောင်သံဃာတော်များအား ရှစ် လုံးဖွဲ့ ကဗျာလင်္ကာဖြင့် ရွတ်ဆို ပူဇော်ဂုဏ်ပြုပေးခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ များ၊ အလှူရှင်ဒါယကာ၊ ဒါယိ ကာမများက ၂၀၂၅ ခုနှစ် ပင်လောင်းမြို့နယ်၌ ဒုတိယ အကြိမ် ကျင်းပသည့် အစိုးရပါဠိ ပထမပြန်စာဖြေဌာနမှ ပထမ ကြီးတန်း၊ ပထမလတ်တန်း၊ အခြေပြုမူလတန်း အစိုးရပါဠိ ပထမပြန် စာမေးပွဲတွင် အောင် မြင်တော်မူကြသော စာအောင် သံဃာတော် ၄၂ ပါးအား အောင် လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မြို့နယ်သံဃ နာယက အကျိုးတော်ဆောင် မြ သိန်းတန်ဆရာတော်က အနုမော ဒနာ တရားဟောကြားတော်မူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချ အမျှပေးဝေခဲ့ကြကာ 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' သုံး ကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၃၆၈)**

## ဟိုပုံးမြို့နယ်၌ ဆွမ်းဆန်လောင်းလှူပွဲနှင့် စုဥ္ဆွဲနှင်းသဘင်အခမ်းအနား ကျင်းပ

**ဟိုပုံး မေ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ဟိုပုံးမြို့နယ်တွင် ဆွမ်း ဆန်လောင်းလှူပွဲနှင့် စုဥ္ဆွဲနှင်း သဘင်အခမ်းအနားကို မေ ၄ ရက် ညနေ ၄ နာရီက သီရိ မင်္ဂလာ သာသနာ့ဗိမာန်တွင် ကျင်းပသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင် များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေနှင့် အဖွဲ့ဝင်များ၊ ဒေသ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ များ၊ ဒေသခံပြည်သူများက ၂၀၂၅ ခုနှစ်တွင် ကျင်းပခဲ့သည့် ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆို အောင်မြင်ခဲ့သည့် သံဃာတော် များအား ဆွမ်းဆန်နှင့် လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် တက်ရောက်လာသူ များက နမောတဿ သုံးကြိမ် ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး သာသနာလင်္ကာရကျောင်းတိုက်



ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာ လင်္ကာရနှင့် သံဃာတော်များထံ မှ ငါးပါးသီလနှင့် ပရိတ်တရား တော်များကို နာယူကြသည်။ ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထား သည်။ ယင်းနောက် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ ဒေသ၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာများက ၂၀၂၅ ခုနှစ်တွင် ကျင်းပခဲ့သည့် ပါဠိပထမပြန် စာမေးပွဲတွင် ဖြေဆိုအောင်မြင် ခဲ့သော သာသနဓဇ ဓမ္မာစရိယ ဘွဲ့ရ သုံးပါး၊ ကျမ်းရင်းနှစ်ကျမ်း အောင် နှစ်ပါး၊ ကျမ်းရင်းတစ် ကျမ်းအောင် လေးပါး၊ ပထမ ကြီးတန်း ငါးပါး၊ ပထမလတ် တန်း ၂၂ ပါး၊ ပထမငယ်တန်း ၃၅ ပါးနှင့် အခြေပြုမူလတန်း ၅၆ ပါး၊ စုစုပေါင်း ၁၂၇ ပါးတို့ အား အောင်လက်မှတ်နှင့် ဝတ္ထု ငွေများကို ဆက်ကပ်လှူဒါန်းပြီး ဟိုခိုကျောင်းတိုက်ဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဝိဇယက ပါဠိပထမပြန် စာမေးပွဲတွင် ဆွမ်း၊ ကွမ်း အလှူ ရှင်များအား ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်ပြီး နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ ကြောင်း သိရသည်။ **(၃၆၈)**

## တောင်တွင်းကြီးမြို့နယ်တွင် သက်ကြီးဘိုးဘွားများ အပူရှောင်နိုင်ရန် အပူရှောင်စခန်းစတင်ဖွင့်လှစ်

**တောင်တွင်းကြီး မေ ၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ရွှေအင်း တောင်စေတီတော်မြတ်ကြီး အရှေ့ဘက်စောင်းတန်းတွင် သက်ကြီးဘိုးဘွားများ အပူရှောင် နိုင်ရန်အတွက် အပူရှောင်စခန်း ကို မေ ၃ ရက်မှ စတင်၍ ဖွင့်လှစ်ခဲ့သည်။**(အောက်ယာပုံ)**

ရှေးဦးစွာ တောင်တွင်းကြီး မြို့နယ် နယ်မြေခံတပ်မှ ဗိုလ်မှူး ကြီး ကျော်သန်းဆွေ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးကျော်ဇင်ဦး၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးကျော်ဇင်ညွန့်တို့က အပူရှောင်စခန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား ခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီး ဌာနမှ ဆရာဝန်ကြီး ဒေါက်တာ အောင်နိုင်စိုးနှင့် မြို့နယ်တိုင်း ရင်းဆေးမှူး ဒေါ်ခင်မေဦးတို့က နွေရာသီကာလအတွင်း ကျန်းမာ ရေးနှင့်အညီ ပြုမူနေထိုင်စား သောက်ရမည်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကာ ဗိုလ်မှူး ကြီး ကျော်သန်းဆွေ၊ မြို့နယ်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော် မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက အပူရှောင်စခန်း သို့ လာရောက်ကြသည့် သက် ကြီးဘိုးဘွားများအား ဆေးဝါး ပစ္စည်းများ၊ ချွေးသုတ်ပဝါနှင့် ထောက်ပံ့ငွေများကို တစ်ဦးချင်း လက်ဝယ်အရောက် ပေးအပ်ခဲ့ သည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ် တိုင်းရင်းဆေးကုဌာနတို့မှ တာဝန်ကျဆရာမများက အပူ ရှောင်စခန်းသို့ လာရောက်ကြ သည့် သက်ကြီးဘိုးဘွားများအား သွေးပေါင်ချိန်ခြင်း၊ အပူငြိမ်း ဆေးတိုက်ကျွေးခြင်းနှင့် လိုအပ် သည့် ကျန်းမာရေးစောင့်ရှောက်မှု များကို ဆောင်ရွက်ပေးခြင်း၊ အပူရှောင်စခန်းသို့ လာရောက်သူ များ သက်သောင့်သက်သာ နေ ထိုင်နိုင်စေရန် ဝါးပက်လက် ကုလားထိုင် ၂၀ လုံး စီစဉ်ထား ရှိပြီး ကျန်းမာရေးနှင့်ညီညွတ် သည့် အစားအသောက်များကို လည်း စီစဉ်ထားရှိသည်။



အဆိုပါ အပူရှောင်စခန်း တွင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ Mobile Library ဖွင့်လှစ်ဆောင်ရွက်ပေး ထားပြီး သဘာဝဘေးအန္တရာယ်၊ မီးဘေးအန္တရာယ်၊ အယ်လ်နီညို ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၊ အပူ ဒဏ်အန္တရာယ်နှင့် ကျန်းမာရေး ပြဿနာများ ကြိုတင်ကာကွယ် ရေးနှိုးဆော်ချက် အသိပညာပေး နံရံကပ်စာစောင်များကို ခင်း ကျင်းထားရှိကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**



## ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ နောက်ဆုံးနေ့ ဆက်လက်ဖြေဆို

**ပုသိမ်ကြီး မေ ၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီး မြို့နယ်တွင် ၂၀၂၆ ခုနှစ် ပါဠိ ပထမပြန်စာမေးပွဲ နောက်ဆုံး နေ့ ဖြေဆိုခြင်းကို မေ ၅ ရက် မွန်းလွဲ ၁ နာရီက သီရိမင်္ဂလာ သရက်တောကျောင်းတိုက်၌ ပထမကြီးတန်း ရဟန်း၊ သီလ ရှင် စုစုပေါင်း ၆၂ ပါး ဖြေဆို တော်မူကြသည်။

အဆိုပါစာမေးပွဲ ဖြေဆိုရာ တွင် ပထမကြီးတန်းစာရင်းရှိ ရဟန်း ၃၁ ပါး၊ သီလရှင်အပါး ၅၀၊ စုစုပေါင်း ၈၁ ပါး၊ ဖြေဆို ရာတွင် ရဟန်း ၁၉ ပါး၊ သီလ ရှင် ၄၃ ပါး၊ စုစုပေါင်း ၆၂ ပါး ဖြေဆိုကြပြီး ပျက်ကွက်ရဟန်း ၁၂ ပါး၊ သီလရှင်ခုနစ်ပါး၊ စုစု ပေါင်း ၁၉ ပါး ပျက်ကွက် ကြောင်း စာဖြေဌာနကြီးကြပ် ရေးမှူး ဆရာတော် ဘဒ္ဒန္တ လက္ခဏထံမှ သိရသည်။

စာမေးပွဲဖြေဆိုရာသို့ မြို့နယ် သံဃနာယကအဖွဲ့ ဆရာတော် ကြီးများ၊ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉတ္တမနှင့် အဖွဲ့ဝင်ဆရာတော် ကြီးများ၊ စာဖြေဌာန တာဝန်ကျ ဆရာတော်များ၊ မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ ဝင်များ၊ ခရိုင်သာသနာရေးမှူး ဦးအောင်မင်း၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇင်မျိုးအောင် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက စာ ဖြေ သံဃာ၊ သီလရှင်များအတွက် အချိုရည်၊ ရေသန့်နှင့် လိုအပ် သည်များကို ဖြည့်ဆည်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စာနည်ကိုကို(ပြန်/ဆက်)**

## စတုဒိသာကျွေးခြင်း အစီအစဉ်များဖြင့် သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မိုင်းယောင်း မေ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်း မြို့နယ်၌ မြန်မာ့ရိုးရာ စတုဒိသာ ကျွေးခြင်း အစီအစဉ်များဖြင့် သင်္ကြန်ကို စည်ကားသိုက်မြိုက် စွာ ကျင်းပမည်ဖြစ်သည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ် ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် အလှူရှင်များက မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး၊ အုန်းနို့ကျောက်ကျော၊ မုန့်ပဲစေ့ သာကူ၊ ဖရဲသီးကျောက်ကျော၊ သခွားမွှေးကျောက်ကျော၊ ရှမ်းမုန့် ဖက်ထုပ် စသည့် တိုင်းရင်းသား ရိုးရာ စတုဒိသာများ ကျွေးမွေး ခြင်းနှင့် မြန်မာ့ရိုးရာ စတုဒိသာ ကျွေးခြင်း အစီအစဉ်များဖြင့် သင်္ကြန်ကို စည်ကားသိုက်မြိုက် စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

*-*-*-*-*

# ရှေးခေတ်မြန်မာမင်းများ၏ သင်္ကြန်ပွဲတော်

**အိုးဝေ(မြေနီကျင်း)**

နှစ်စဉ် ကျင်းပမြဲဖြစ်သော မြန်မာလူမျိုးတို့၏ သင်္ကြန်ပွဲတော်ကို ကြိုဆိုလျက် 'ဖိုးသူတော်ဦးမင်း'၏ 'တန်ခူးလဘွဲ့'ဖြင့် ဦးစွာ ဖွင့်ဆိုပြရသော်

**'ဟောင်းရွက်ညှာ ခါလှစ်လို့၊ တာသစ်ကယ်တဲ့**
**နှံ့ကြိုင်သုတ်ပြုံးလေဆော်က၊ ပန်းကံ့ကော်ဝတ်မှုန်ကျင်။ သင်းပျံ့လို့လှိုင်၊**
**ကြယ်နှစ်ပြိုင်၊ စိတြငယ်နှင့်၊ ငွေလသော်တာတို့**
**ယုဂန်ချာ တောင်တော်စွန်းမှာ၊**
**ထွန်းထိန်လို့လင်း။'** ဟု ဖွဲ့ဆိုထားမှုသည် မြန်မာသင်္ကြန်ကျချိန်တွင် အတာကူးရန်နှင့်အတူ နွေသဘာဝ၏ အလှတရားနှင့် ရာသီချိန် ပန်းကံ့ကော်ဝတ်မှုန်ကူးချိန် ကြယ်နှစ်စင်းပြိုင်ချိန် ငွေလမင်းထွန်းလင်းချိန် အချိန်ကိုက် ဖြစ်ပေါ်လာမှုတို့ကို ဖော်ကျူးသီကုံးထားပါသည်။

## သင်္ကြန်၏ အဓိပ္ပာယ်၊ သိမှတ်ဖွယ်

သင်္ကြန်ဟူသည့် စကားသည် သက္ကတဘာသာ၊ ပါဠိဘာသာ စကားများမှ လာသည်ဟူ၍လည်း တချို့က ယူဆသည်။ အချို့ ပညာရှိများကမူကား သင်္ကြန်ဟူသည် မြန်မာစကားသက်သက်ပင် ဖြစ်သည်ဟု ယူဆကြသည်ကို တွေ့ရသည်။ သင်္ကြန်ဟူသည် ပါဠိသက္ကတဘာသာ 'သင်္ကန္တ'သဒ္ဒါမှ ပျက်ပြားလာသည်ဟူ၍ ယူဆသူတို့၏ အလိုအရဆိုလျှင် 'ပြောင်းရွှေ့ခြင်း'ဟူသော အနက်ထွက်သည်ဟုဆိုသည်။ မြန်မာစကားသက်သက်၏ အလိုမှာ ကောင်းကျိုးမင်္ဂလာ ကြန်အင်္ဂါလက္ခဏာကို တိုးပွားလာရန် သုတ်သင်ဆေးကြောခြင်းဟူသော တစ်နည်းဆိုသော် 'ခေါင်းဆေးမင်္ဂလာ' ကိုပင် သင်္ကြန်ဟူ၍ခေါ်ကြောင်း မှတ်သားရသည်။ စင်စစ်ဆိုသော် သင်္ကန္တအနက်သည် 'ရွှေ့ပြောင်းခြင်း'ဖြစ်ငြားအံ့၊ အဟောင်းမှ သည်အသစ်သို့ တစ်ဖန်ရွှေ့ပြောင်းခြင်းကို ဆိုလိုဟန်တူပေသည်။ တစ်နှစ်တာအတွင်း ရက်ဟောင်း၊ လဟောင်း၊ နှစ်ဟောင်းတို့သည် အသစ်ဖြစ်သောနှစ်သို့ ရွှေ့ပြောင်းခြင်းသဘောကို ဆိုပေသည်ဟု ယူဆရပေသည်။

သဘာဝအားဖြင့်ဆိုလျှင်လည်း သစ်ပင်၊ ရေ၊ မြေ၊ တော၊ တောင်တို့တွင် သစ်ပင်တို့၌ ရွက်ဟောင်းများကြွေ၍ ရွက်သစ်များ ဝေဝေဆာဆာ ထွက်ပေါ်လျက် အသစ်သို့ တစ်ဖန်ပြောင်းလဲလာကြသည်ကို တွေ့ရသည်။ လူတို့တွင်လည်း နှစ်ဟောင်းမှ တင်သော ချေးညှော်များတို့ကို သုတ်သင်ဆေးကြော၍ အသစ်သို့ ပြောင်းလဲခြင်းများကိုပင် တစ်သဘောတည်း ယူဆ၍ 'ဦးခေါင်းဆေးလျှော်' ပြုကြသည်ကိုပင် သင်္ကြန်ကျသည် (သို့မဟုတ်) သင်္ကြန်ခေါ်သည်ဟု ဆိုကြသည်။ ဘုရင်မင်းမြတ်များအဖို့တွင်မူ 'ဦးခေါင်းဆေးလျှော်'သည်ကိုပင် 'သင်္ကြန်တော်' ခေါ်သည်ဟု ဆိုကြကုန်သည်။

## ရှေးခေတ်ဘုရင်များ သင်္ကြန်တော်ခေါ်ရခြင်းအကြောင်း

စင်စစ်အားဖြင့်ဆိုသော် တစ်နှစ်တွင် ၁၂ လရှိသည့်အနက် တစ်လတာကုန်ဆုံးလျှင် လအသစ်သို့ ကူးပြောင်းတိုင်းကို သင်္ကြန်ကျသည်ဟု ခေါ်နိုင်ပေသည်။ ရှေးအခါက ဘုရင်မင်းမြတ်တို့သည် မင်းအဖြစ်ကိုယူ၍ ဘိသိက်ခံယူကာအနီးတွင် သင်္ကြန်တော်ခေါ်ရမြဲ ထုံးတမ်းရှိသည်။ အချို့လည်း ဖုသျှနက္ခတ်သည် တနင်္လာနေ့၌ မွန်းတည့်သည့်အခါမျိုးဖြစ်သော ပြာသိုလတွင် သင်္ကြန်တော်ခေါ်လေ့ရှိသည်။ တချို့ ဘုရင်မင်းမြတ်တို့သည် တစ်လလျှင် တစ်ကြိမ်မျှ သင်္ကြန်တော် ခေါ်တော်မူကြသည်။ ထိုအကြောင်းများကို ထောက်ထား၍ ရှေးမင်းများလက်ထက်တော်က 'သင်္ကြန်'ဟူသည်မှာ 'ဦးဆေးမင်္ဂလာ' ပြုခြင်းကိုပင် ဆိုလိုကြောင်းမှာ ထင်ရှားပေသည်။ နန်းဓလေ့ထုံးတမ်းများအရ ဆိုသော် သင်္ကြန်တော်ခေါ်ခြင်း (သို့မဟုတ်) ခေါင်းဆေးမင်္ဂလာ ပြုခြင်း သုံးမျိုးရှိသည်။ တစ်လတစ်ကြိမ်ဖြစ်စေ၊ တစ်ပတ်တစ်ကြိမ် ဖြစ်စေ၊ ရိုးရိုးခေါင်းဆေးခြင်းမျိုးကို ပကတိသင်္ကြန်ဟူ၍ ခေါ်သည်။ ဂြိုဟ်စီး၊ ဂြိုဟ်နင်း မကောင်းသော အတိတ်နိမိတ်များ ပပျောက်၍ ဘုန်းတော်မင်္ဂလာတိုးပွားစိမ့်သောငှာလည်းကောင်း၊ နိုင်ငံတော်အကျိုးဖြစ်ထွန်းစေအံ့သောငှာလည်းကောင်း ပြုသော သင်္ကြန်တော်မျိုးကိုကား သင်္ကြန်တော်လဟူ၍ ခေါ်သည်။ ထီးနန်းကို သိမ်းမြန်းစိုးစံတော်မူသည့်အခါမျိုး ကျက်သရေတော်မင်္ဂလာ တိုးပွားရန် ပြုလုပ်ရသော သကလာဘိသိက်တော်ခံရသည့်အခါမျိုးတွင်ကား မဟာသင်္ကြန်တော်ကြီးကို ခေါ်တော်မူရပေသည်။

ထိုအခါမျိုးတွင်မူ ဘုရင်မင်းမြတ်သည် နိုင်ငံတော်အဝန်းရှိ မှူးမတ်ပရိသတ်အပေါင်း၊ နိုင်ငံတကာ မင်းပေါင်း၊ စော်ဘွားစော်ခံ အပေါင်းမှစ၍ ဖိတ်ခေါ်တော်မူပြီးမှ ဘိသိက်တော်မခံယူမီ မဟာသင်္ကြန်တော်ကို ခေါ်ရပေသည်။ သင်္ကြန်တော်ခေါ်ရာတွင်လည်း အတွင်းတော်၌ခေါ်ခြင်းမျိုး၊ နန်းတော်ပြင်ပ ကျယ်ဝန်းသော နေရာပြင်ကို ရွေး၍ခေါ်ခြင်းမျိုး ရှိပါသည်။ သင်္ကြန်တော်ကို ခေါ်ယူမည့် မဏ္ဍပ်များကိုလည်း ဆောက်လုပ်၍ အဆင်သင့်ပြုလုပ်ထားရသည်။ ဥပမာ-ဂြိုဟ်ကြီးကိုးပါး၏ အရုပ်များ၊ သရဖွေးကျမ်း၊ ဇောတိသတ္တကျမ်းထွက်နှင့် လျော်ညီအောင် ထုလုပ်၍ ယင်းဂြိုဟ်ရုပ်များကို သင်္ကြန်ဝင်မဏ္ဍပ်များ၌ တစ်ခုစီထားရသည်။ သင်္ကြန်တော်ခေါ်မည့် အချိန်ကျရောက်သောအခါ ဘုရင်မင်းမြတ်သည် သန့်စင်သောအဝတ်ကို ဝတ်ဆင်၍ တနင်္ဂနွေဂြိုဟ်မင်းရှိရာ သင်္ကြန်နန်းမှစ၍ ဂြိုဟ်ကြီးကိုးပါးထားရာ မဏ္ဍပ်များသို့ တစ်လှည့်စီ ဝင်၍ 'သင်္ကြန်တော်' ခေါ်ရသည်။ ထိုအခါ စည်းညွှင်းပတ်သာများကို သာယာစွာ တီးမှုတ်ပူဇော်ကြရကုန်သည်။ ဤကား ရှေးပုရာကျမ်း၊ သရဖွေး စသော ကျမ်းများ၌ လာသည့်အတိုင်း ဘုရင်များ သင်္ကြန်တော်ခေါ်ခြင်း အကြောင်းပင် ဖြစ်သည်။

## ရှေးခေတ်ဘုရင်များလက်ထက် သင်္ကြန်တော်ခေါ်အလေ့အထများ

ဘုရင်မင်းမြတ်များသည် သားတော်များ ဥဿျှောင်ထုံးသည့် အခါမျိုး၌လည်းကောင်း၊ သမီးတော်များ နားထွင်းသည့်အခါမျိုး၌ လည်းကောင်း သင်္ကြန်တော်ခေါ်ရရိုး ထုံးတမ်းဓလေ့ရှိပါသည်။ ၎င်းအပြင် မိဖုရားများကိုပင် မဟေသီဘိသိက်မြှောက်ခါနီး၌ သင်္ကြန်တော်မဏ္ဍပ်တွင် သင်္ကြန်တော်ခေါ်ရသည်။ ရွှေဘိုဘုရင်သည် မိဖုရား သုံးပါးနှင့်အတူ တစ်ကြိမ်တည်းပင် သင်္ကြန်တော်ခေါ်၍ မဟေသီ ဘိသိက်မြှောက်ပြီးလျှင် ထီးနန်းသိမ်းတော်မူဖူးသည်ဟုလည်း မှတ်သားရပါသည်။

## သင်္ကြန်တော်ခေါ်သည့်အခါ ဆောင်ရွက်ကြသည့်အမှုများ

သင်္ကြန်အခါတွင် ဘုရင်မင်းမြတ်များ 'ခေါင်းဆေးမင်္ဂလာပြု' ရုံမျှမက အပျော်အပါးအဖြစ် ရေပက်ကစားကြသည့် အလေ့မှာလည်း ရှေးအခါကပင် ကပ္ပိလဝတ်ပြည် သာကီမင်းများလက်ထက်တော် အခါကစ၍ နန်းတော်ဝန်းကျင်တွင် မွေ့လျော်ပျော်ဖွယ်ရာ ရေကန်ကြီးများ တူးဖော်ပြီး ရေဖျန်းပက်ကစားကြသော သဘင်များပြုလုပ်ခဲ့ကြသည် ၎င်းမှအစပြု၍ ယခုတိုင်အောင် ထိုအစဉ်အလာကို မပျက်ယွင်းစေဘဲ ပြုလုပ်လာကြလေသည်။ ပုဂံရာဇဝင်တွင်လည်း နရသီဟပတေ့မင်းလက်ထက် နန်းတော်မှသည် မြစ်ဆိပ်တိုင်အောင် တဲနန်းများ ဆောက်၍ ရေကစားကြကြောင်းကို ဖော်ပြထားသည်။ ဤအကြောင်းအရာများကို ထောက်၍ ပုဂံမင်းများလက်ထက်ကပင်လျှင် သင်္ကြန်အခါ၌ ရေကစားသော အလေ့အထမျိုးသည် ရှိခဲ့သည်ဟု ဆိုဖွယ်ရာဖြစ်သည်။ သင်္ကြန်တော်ကျသည့်အခါ နန်းတော်အိမ်များ၌ ရှေးမင်းများ၏ လုပ်ရိုးလုပ်စဉ်များကား သင်္ကြန်ကျသည်နှင့် တစ်ပြိုင်နက် အမြောက်သံပေးရသည်။ ရွှေနန်းတော်၊ လွှတ်တော်၊ ဗဟိုရ်စင်၊ ဝင်းရုံးလေးရပ်၊ ရှေ့ရုံး၊ နောက်ရုံး၊ တရားရုံး၊ ရွှေမြို့တော် ဓာတ်တံခါးလေးရပ်တို့တွင် ညအချိန့်၌ သံဃာတော် ရှစ်ပါးစီ ပရိတ်တော်ကို ရွတ်ကြရသည်။ နံနက်အချိန်တွင် သံဃာတော်များ ဆွမ်းကပ်၍ ပရိတ်ရေများကို ရှစ်ပါးသောပုဏ္ဏားတို့က မြို့လေးထောင့်တွင် ပက်ဖျန်းကြရသည်။ စေတီ၊ပုထိုးများကိုလည်း ရေသပ္ပာယ်ကြသည်။ ဆင်းရဲသားမှစ၍ လူအပေါင်းတို့ကိုလည်း သန့်ပြန့်သော ရေဖြင့် တစ်ဦးကိုတစ်ဦး ပက်ဖျန်းကြရန်လည်း နှိုးဆော်ရသည်။ သင်္ကြန်ပြောင်းအချိန့်တွင်လည်း တံခါးတော်များရှိ အမြောက်များကို သုံးချက်စီ အမြောက်သံပေးမြဲပေးကြရသည်။ ဤသင်္ကြန်တော်အတွက် အမိန့်ကို ၁၂၄၀ ပြည့်နှစ်က ဘုရင်မင်းမြတ် ထုတ်ပြန်တော်မူခဲ့သည်ကို လွှတ်တော်မှတ်တမ်း၌ တွေ့ရသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ 'သံချိုကိုင်ဆရာ' တစ်ဦးဖြစ်သူ 'ဦးဉာဏ်ကျယ်'က အောက်ပါအတိုင်း သံချိုလေးချိုးကို ဆိုထားသည်ကို တွေ့ရသည်။

**'မင်းသမ္မတရယ်တို့၊ ရင်းစကာ ကမ္ဘာဦးဆီက၊ တာကူးရာသီ ဆုံးခဲ့ရင်၊ တွက်ကြိုးကာ သုံးရာရက်တွင်မှ၊ လှောက်တသွယ် ခြောက်ဆယ်ရက်မှာတော့၊ ဘဝင်ဝေဟင်လျှံက၊ သနက်န် သင်္ကြန်ကျရတယ်၊ မင်းမင်းများဥပဒေ။**

**သောင္ဂမြေဘုရင်ထီးရယ်တို့၊ စဉ်နီးဖြာ ကြီးကာစိုးသူမို့၊ တန်ခိုးရောင်မိုးဘောင်သို့ လင်းသည့်ပြင်၊ မှို့တပင် တို့ရှင်မင်းရယ်က၊ လက်တွင်းတော်ကာလမှာတော့ တွက်ဆကာ သချာတိုးလိုက်လျှင် ထောင့်နှစ်ရာ သုံးဆယ့်ကိုးတွင်မှ၊ ရိုးရိပ်ပိုင်ဓာတ်တိုင်နန်းဆီက မြေဘုံကို ဆွေစုံမြန်းခဲ့တယ်။ မန်းဘွဲ့တောင်ခြေ။**

**အောင်သပြေ ညောင်ရေအိုးမှာလ၊ ပန်းမျိုးစုံစွာစိုက်ပါလို့၊ လက်ပိုက်ကာ ကိုင်သဇင်ပ၊ ခိုင်တပင်ချစ်စနီးတွေနဲ့ စိတ်အကြံ ခိုင္ဗာန်ပြီးတော့၊ မကြီးရင်ကေနှစ်ကယ်တို့၊ သည်ခေတ်တွင် နှောင့်မစိုးရအောင်၊ ဖြောင့်မိုးသုံးချက်ဖြင့် ကောင်းပါလိမ့်၊ ကေသာဂေဟာ ပေါင်းရယ်က၊ အေးသာယာထွေးကာ ကောင်းစေဖို့၊ အကြောင်း အတိတ်နိမိတ်ပေ၊ ဗျာဒိတ်ရွှေနန်း။**

**စိတြမိသနယာရှိ၍၊ ခါအမီ ရာသီချက်ရာက၊ လှောက်တသွယ် ခြောက်ဆယ်ရက်တွင်မှ၊ နံနက်အရုဏ်လင်းရင်ဖြင့်၊စံရင်းအမှုန့်က၊ မြေပဒုံပံသုန်သို့ ယွန်းခဲ့လျှင်၊ လေးကျွန်းပိုင် ခရာခံ၍၊ ဆယ့်နှစ်ဖြာ ဒွါရံက၊ သုံးတန်ဆီအမြောက်သံပေးရတယ် ရှေးမင်းတို့ထုံး'** ဟု ရှေးခေတ်မင်းများ၏ သင်္ကြန်ပွဲတော်ကျင်းပပုံကို မှတ်သားရပါသည်။

## ပြောင်းလဲလာသည့်သင်္ကြန်

ယနေ့အခါ ခေတ်ကာလအရ တရွေ့ရွေ့ပြောင်းလဲလာသည့် သင်္ကြန်သည် တစ်နှစ်ကို တစ်ကြိမ် ကျင်းပလျက်ရှိပါသည်။ အထက်ဖော်ပြပါ ရှေးအစဉ်အလာများမှ အစဉ်အလာကောင်းများကို ထိန်းသိမ်းလျက် ဆောင်ရွက်လာကြသည်။ အထူးသဖြင့် ခေါင်းဆေးမင်္ဂလာအမှုပြုခြင်း နှစ်ဟောင်းက ချေးညှော်များကို ရေဖြင့် ဆေးကြောသုတ်သင်ရုံသာမက ဘုရားရေသပ္ပာယ်ခြင်း၊ ရွှေချခြင်း လူကြီးသူမများကို ရေချိုးခေါင်းလျှော်၊ ခြေသည်း၊ လက်သည်းညှပ် သန့်ရှင်းပေးခြင်းတို့ ပြုလုပ်လာကြသည်။ ရှေးကသင်္ကြန်တော်တွင် ကုသိုလ်ပြုကြသည်ဟု ပါရှိရာ ယနေ့အခါ တိရစ္ဆာန်များကိုပင် ဘေးမဲ့လွှတ်ခြင်း၊ စတုဒိသာကျွေးခြင်း၊ ဥပုသ်သီလစောင့်တည်ခြင်း၊ ဘုရား၊ ကျောင်း၊ ကန်တို့ကို သန့်ရှင်းခြင်း စသည့် အမှုများပြုလုပ်လာကြသည်။ အပြန်အလှန် ရေကစားခြင်းကို ဝါထပ်ပါက လေးရက် တိတိ ပျော်ပွဲရွှင်ပွဲများကို ရှေးအစဉ်အလာအတိုင်း ပြုလုပ်ကျင်းပကြပါသည်။

အထူးသဖြင့် ကုသိုလ်ကောင်းမှုများကို နှစ်ဆန်း ၁ ရက်တွင် ပို၍ပြုလုပ်လာကြသည်ကိုလည်း တွေ့ရသည်။ ဤတွင် 'မကောင်းသူကိုပယ် ကောင်းသူကိုကယ်'ဟု သိနားလည်သည့် သိကြားမင်း အကြောင်း ပျောက်နေသလို ဖြစ်ကြရသည်။ မြတ်စွာဘုရားက သာသနာနှစ်အဖြစ် နှစ်ငါးထောင်ထားရှိရာ ဘုရားသာသနာနှစ် ၂၅၀၀ ကုန်ပြီး သိကြားသာသနာနှစ် ရောက်နေပြီဟုလည်း မှတ်သားရသည်။ သို့ပါ၍ သာသနာနှစ် နှစ်ငါးထောင် ကုန်ဆုံးလျှင် သိကြားမင်းလည်း ပျောက်ကွယ်မည်ဟု ယူဆဖွယ် ဖြစ်ရသည်။ သိကြားမင်းနှင့် သင်္ကြန်သည် ခွဲခြားမရပါ။ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာတွင် သင်္ကြန်မရောက်မီအချိန့်၌ သင်္ကြန်ကို အတာအိုးဟုခေါ်သည့် မြေအိုးဖြင့် သိကြားမင်းကို သင်္ကြန်ပန်းဖြင့် နှစ်စဉ် ကြိုဆိုကြသည့် အလေ့အထများရှိခဲ့သည်။ သို့ပါ၍ သိကြားမင်း အကြောင်းက ဒဏ္ဍာရီသဖွယ်ဖြစ်၍နေပါသည်။ ငါးရာ့ငါးဆယ် ဇာတ်တော်တွင် ဗုဒ္ဓမြတ်စွာဘုရား၏ ရှေးဘဝပေါင်းများစွာသည် သိကြားမင်းဆက် စတင်ရာ ဖြစ်ပေသည်ဟု ဆိုထားပေသည်။ 'မာဃ' လုလင်မည်သော သူတစ်ယောက်သည် လမ်းပြင်၊ တံတား ဆောက်၊ ရေတွင်းတူး အစရှိသော ကောင်းသောအလုပ်များကို လုပ်ခဲ့သည်ဟူ၏။ သူ့ရှိရှိသမျှ ပစ္စည်းဥစ္စာတို့သည် ထိုကောင်းမှု ကုသိုလ်များအတွက် ဖြစ်လေသည်။ သူကွယ်လွန်ပြီးနောက် ကောင်းကင်ဘုံ၏ အရှင်သခင်အဖြစ် ပြန်လည်မွေးဖွားခဲ့လေသည်။ သူ့အကြောင်း ကောက်ကြောင်း အသေးစိတ်ကို 'နယုန်လကောက်ကြောင်း'တွင် တွေ့ရပါသည်။

သို့ပါ၍ သင်္ကြန်တော်တွင် ကောင်းမှုကုသိုလ်ပြုလုပ်ကြရန် သိကြားမင်းကို တမ်းတလျက် လမ်းညွှန်ရာကို ပြပေးနေပါသည်။ ထို့ကြောင့် ယနေ့ခေတ် သင်္ကြန်တော်သည် အတာအိုးသင်္ကြန်နှင့် သိကြားမင်းသည် ခွဲခြားမရပါဟု တင်ပြအပ်ပါသည်။

※ စာမျက်နှာ ၂၄ မှ

ရောက်ရှိလာခဲ့ပြီး စက်သုံးဆီသုံးစွဲမှုကို သိသာစွာ လျှော့ချနိုင်ခဲ့ပါသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ယနေ့ထိ စာရင်းများအရ နေ့စဉ်ပျမ်းမျှ စက်သုံးဆီသုံးစွဲမှုသည် ၃ ဒသမ ၅၄ ဂါလန်သန်းမှ ၂ ဒသမ ၅ ဂါလန်သန်းသို့ ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။ ယင်းသို့ နေ့စဉ် ပျမ်းမျှသုံးစွဲမှုနှုန်း ၂၉ ရာခိုင်နှုန်း လျှော့ချနိုင်ခြင်းသည် တစ်ရက်လျှင် နိုင်ငံခြားငွေသုံးစွဲမှု အမေရိကန်ဒေါ်လာ ခြောက်သန်းခန့် သက်သာစေမည်ဖြစ်သည့်အပြင် အရန်ဆီသိုလှောင်နိုင်မှု ၁၀ ရက်စာ ပိုမိုသိုလှောင်လာနိုင်မည် ဖြစ်ပါသည်။


နိုင်ငံတော်အနေဖြင့် စက်သုံးဆီများကို နှစ်စဉ်တန်ချိန် ငါးသန်းခန့် တင်သွင်းနေရသဖြင့် အမေရိကန်ဒေါ်လာသန်း ၅၀၀၀ ကျော် သုံးစွဲရမည်ဖြစ်ရာ ယခုကဲ့သို့ စက်သုံးဆီကို စနစ်တကျ သုံးစွဲလာနိုင်ပါက နှစ်စဉ်အမေရိကန်ဒေါ်လာသန်း ၂၀၀၀ ခန့် လျှော့နည်းသက်သာစေမည်ဖြစ်ပါသည်။

နိုင်ငံတော်တွင် စက်သုံးဆီဖူလုံမှုအနေဖြင့် ဓာတ်ဆီ ရက် ၄၀ နှင့် ဒီဇယ် ၅၀ ရက်ခန့်ရှိပြီး ဧပြီလအတွင်း သင်္ဘော ၂၆ စင်း ထပ်မံတင်သွင်းရန် စီမံထားရှိပြီးဖြစ်ပါသည်။ ထို့အပြင် မိတ်ဆွေနိုင်ငံများမှ တင်သွင်းရန် ရေရှည်အစီအမံပြုလုပ်ပြီး ဝယ်ယူရရှိနိုင်ရေးကိုလည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်သည့် သတင်းများကိုသာယုံကြည်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်ပါသည်။

အခြေအမြစ် ခိုင်လုံမှုမရှိသည့် သတင်းများဖော်ပြခြင်း၊ ပြည်သူများ စိုးရိမ်ကြောင့်ကြမှု မြင့်တက်စေရန် ရည်ရွယ်သည့် ခေါင်းစဉ်များတပ်၍ ဖော်ပြခြင်းတို့ကို ပြုလုပ်နေသည့် မီဒီယာများကိုလည်း စွမ်းအင်ဝန်ကြီးဌာနမှ ဆက်သွယ်၍ သတိပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ထုတ်ပြန်ထားသည့် စက်သုံးဆီဝယ်ယူနိုင်မည့် စည်းကမ်းများအတိုင်း လိုက်ပါဆောင်ရွက်ခြင်း၊ စက်သုံးဆီအရောင်းဆိုင်များအနေဖြင့်လည်း QR Code ဖြင့် ရောင်းချမှုအပေါ် ထပ်မံလိုအပ်လာပါက အရေးပေါ် ဆီဖြည့်တင်းခွင့် ရရှိနေခြင်း ရှိနေသည့်အတွက် ကြောင့်ကြကင်းစွာ ရောင်းချဝယ်ယူကြပါရန်နှင့် အခက်အခဲများရှိပါက Call Center များသို့ဆက်သွယ် အကြောင်းကြားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။ **စွမ်းအင်ဝန်ကြီးဌာန**




# မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နန်းမြို့ကျုံးပတ်လည် ရေကစားမဏ္ဍပ်များ ဆောက်လုပ်ပြီးစီး




**မန္တလေး ဧပြီ ၆**

မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နန်းမြို့ကျုံးပတ်လည် ရေကစားမဏ္ဍပ်များကို အခမဲ့ဆောက်လုပ်ခွင့်ဖြင့် ဖိတ်ခေါ်ထားရာ ရေကစားမဏ္ဍပ်ကြီး၊ မဏ္ဍပ်ငယ် ၄၀ ကျော် ဆောက်လုပ်ထားရာ ၈၀ ရာခိုင်နှုန်းကျော် ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တော် မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ၂၆လမ်း၊ ၇၈လမ်းမှ ၆၆ လမ်းအထိ လမ်းလျှောက်သင်္ကြန်အဖြစ် မဏ္ဍပ်ပေါင်း ၂၀ နီးပါး ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များပါဝင်ပြီး ၆၆ လမ်းမှ ၁၂ လမ်းကြားတွင် မဏ္ဍပ် ၁၃ ခု နီးပါး၊ ၁၂လမ်း၊ ၆၆ လမ်းမှ လမ်း ၈၀ အထိ မဏ္ဍပ် ၁၀ ခုနီးပါး၊ လမ်း ၈၀ မှ ၁၂ လမ်းမှ ၂၆ လမ်းကြားတွင် မဏ္ဍပ် ၁၅ ခုနီးပါးတို့ ဆောက်လုပ်လျက်ရှိပြီး ရေကစားမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်များဖြင့် ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရေကစားမဏ္ဍပ်များမှာ ဧပြီ ၆ ရက်အထိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ စာရင်းပေးသွင်းထားသော မဏ္ဍပ်များဖြစ်ပြီး မဏ္ဍပ်ကြီး ၁၅ ခုနှင့် မဏ္ဍပ်ငယ် ၂၇ ခု၊ ဈေးဆိုင်ခန်း ၂၅၀ ကျော်၊ ယာဉ်အပ်နှံနေရာ ရှစ်ခုတို့ကို နေရာချထားပြီးဖြစ်ကြောင်း သိရသည်။

သင်္ကြန်ပွဲတော်တွင် ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များအဖြစ် ပါဝင်ဆင်နွှဲလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ အခမဲ့ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်ပွဲတော်အဖြစ် ၂၆လမ်း၊ ၇၈လမ်းမှ ၆၆ လမ်းအထိ သတ်မှတ်ထားပြီး နန်းမြို့ရိုးပတ်လည်မဏ္ဍပ်များကို ရေကစားမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်များ ပါဝင်ဆင်နွှဲကြမည်ဖြစ်ပြီး ယခင်နှစ်က မန္တလေးငလျင်ကြီးကြောင့် မကျင်းပဖြစ်ခဲ့သော သင်္ကြန်ပွဲတော်အား ယခုနှစ်၌ နန်းမြို့ရိုးပတ်လည်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ယနေ့အထိ ၈၀ ရာခိုင်နှုန်းခန့် မဏ္ဍပ်များ ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

ဝ-ဝ-ဝ-ဝ-ဝ



# သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များအတွက် အပူရှောင်စခန်းများ ဖွင့်လှစ်ထားရှိ

**မြို့သစ် ဧပြီ ၆**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ဧပြီလအတွင်း အပူချိန်သိသိသာသာမြင့်တက်လာခြင်းကြောင့် မြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများ၊ ကလေးသူငယ်များအနေဖြင့် အပူဒဏ်နှင့်ပတ်သက်၍ ထိခိုက်ဒဏ်ရာရရှိမှုများ မရှိစေရေး၊ အပူဒဏ်ကင်းဝေးစေရေးနှင့်ရှောင်ရှားနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အပူရှောင်စခန်းများကို ဧပြီ ၁ ရက်မှစတင်၍ မြို့ပေါ်ရပ်ကွက်များရှိ ရွှေဘုံသာဘုန်းတော်ကြီးကျောင်း၊ ဇေယျမင်္ဂလာဂတ်ကျောင်းနှင့် သရက်တောဘုန်းတော်ကြီးကျောင်းတို့တွင် အပူရှောင်စခန်းများဖွင့်လှစ်ထားသည်။

ထိုသို့ အပူရှောင်စခန်းများဖွင့်လှစ်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာကော်မတီ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အပူရှောင်ရန်လာရောက်ကြသည့် သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များအတွက်နေရာထိုင်ခင်းများ စီစဉ်နေရာချထားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်း၊ နေ့လယ်စာစီစဉ်ပေးခြင်း၊ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် သောက်ရေအိုးများ၊ ရေသန့်ဘူးများ စီစဉ်ထားရှိခြင်းနှင့် လေအေးပေးစက်၊ ပန်ကာများလည်း စီစဉ်ပေးထားသည်။ **(အပေါ်ပုံ)**

အလားတူ မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၄၇)အုပ်စုရှိ ကျေးရွာအသီးသီးတွင်လည်း အမိုး၊ အကာ၊ အရိပ်ကောင်းသည့်နေရာများ၌ အပူရှောင်စခန်းများ ဖွင့်လှစ်ထားကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**



**နောင်ချိုမြို့ရှိ မြို့တွင်းမီးဖိုချောင်သုံး အမှိုက်များအား မြို့ပေါ်ရပ်ကွက်(၆)ရပ်ကွက်သို့ နေ့စဉ် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများအား ယနေ့ နံနက်ပိုင်းက နောင်ချိုမြို့နယ်စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်ပေးစဉ်။**

**(ဝ၄ဝ)**

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| လက်ချီ | ဝ | - | ၃ | အတ္တလန်တာ |
| ဂျူပင်တပ် | ၂ | - | ဝ | ဂျိနိုအာ |

## နေ့စဉ်မိုးလေဝသသတင်း

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

❖ နိုင်ငံတော်ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝ
ပတ်ဝန်းကျင် ထိန်းကြစို့။


# စက်သုံးဆီများ ဖြန့်ဖြူးရောင်းချပေးနေသည့်အခြေအနေ အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော်၏စွမ်းအင်သုံးစွဲမှုတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဓာတ်ငွေ့ရည် (LPG) စသည့် ရေနံထွက်ပစ္စည်းများသည် ၂၉ ရာခိုင်နှုန်း ပါဝင်ပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အဓိကအသုံးပြုလျက်ရှိပါသည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် သုံးစွဲနေသည့် ဓာတ်ဆီ၊ ဒီဇယ်ဆီများ၏ ၉၇ ရာခိုင်နှုန်းသည် ပြည်ပမှ ဝယ်ယူတင်သွင်းနေရခြင်းဖြစ်သည့်အတွက် ယခုကဲ့သို့ ကမ္ဘာတစ်ဝန်း စက်သုံးဆီအခက်အခဲများ ဖြစ်ပေါ်လာချိန်တွင် ဝယ်ယူတင်သွင်းမှုကို အားပြုနေရသည့် မိမိတို့ကဲ့သို့ နိုင်ငံများအနေဖြင့် လွန်စွာခက်ခဲစေသည့် အခြေအနေတစ်ရပ်ကို ရင်ဆိုင်နေကြရပါသည်။

နိုင်ငံတော်အနေဖြင့် စက်သုံးဆီအခက်အခဲကို ဖြေရှင်းရန်အတွက် စီမံခန့်ခွဲမှုနည်းလမ်းများ၊ ဒစ်ဂျစ်တယ်နည်းပညာ အခြေပြုရောင်းချသည့် စနစ်များဖြင့် ကြပ်မတ်ထိန်းကျောင်းလျက်ရှိရာ နိုင်ငံတော်၏ စက်သုံးဆီတင်သွင်းမှု၊ ဖြန့်ဖြူးရောင်းချမှုတို့သည် စည်းစနစ်မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ *စာမျက်နှာ ၁၈ သို့* ※

**Myanmar Energy Mix**




- မြန်မာနိုင်ငံ၏ ၂၀၂၄-၂၅ ခုနှစ်အတွက် Energy Mix မှာ ဇီဝလောင်စာသုံးစွဲမှုမှာ အများဆုံးဖြစ်ပြီး ၄၅% ရှိပါသည်။
- ရေနံထွက်ပစ္စည်းသုံးစွဲမှုမှာ ဒုတိယအများဆုံးဖြစ်ပြီး ရာခိုင်နှုန်းမှာ ၂၉ ဖြစ်ပါသည်။
- သဘာဝဓာတ်ငွေ့မှာ တတိယအများဆုံးဖြစ်ပြီး ၁၇% ဖြစ်ပါသည်။
- ကျောက်မီးသွေးနှင့် ရေနံတို့မှာ ၄% နှင့် ၁% စီ အသီးသီး ရှိပါသည်။
- ပြန်ပြည့်မြဲစွမ်းအင်မှာ ၀.၂၂% ဖြစ်ပါသည်။

# တပ်မတော်စစ်ကြောင်းများက PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် အင်တိုင်းကျေးရွာတို့အား ပြန်လည်သိမ်းပိုက်ရရှိ

## PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက အဆိုပါဓာတ်အားပေးစက်ရုံနှင့် အင်တိုင်းကျေးရွာတို့အား မီးရှို့ဖျက်ဆီးပြီး ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့

နေပြည်တော် ဧပြီ ၆

နိုင်ငံတော်အစိုးရ အနေဖြင့် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လမ်းတံတားများ တည်ဆောက်ပေးခြင်း၊ ဆည်မြောင်းတာတမံများ တူးဖော်ပေးခြင်း၊ မီးမရရှိသည့် ဒေသများတွင် လျှပ်စစ်မီးများရရှိအောင် ဆောင်ရွက်ပေးခြင်းများကို ဘက်ပေါင်းစုံမှ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကို ရှေးရှု၍ အစိုးရအုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်အတွက် ဌာနဆိုင်ရာ အဆောက်အအုံများ၊ *စာမျက်နှာ ၁၀ သို့* ❂



တပ်မတော်စစ်ကြောင်းများက သဖန်းဆိပ်ဆည်နှင့် အင်တိုင်းကျေးရွာအား အသီးသီး ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

### မန္တလေးနေ့စဉ် သတင်းစာ ထုတ်ဝေမှု (၈)ရက် ခေတ္တရပ်နားမည်

မန္တလေး ဧပြီ ၆

မန္တလေးနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၆ ခုနှစ် ဧပြီ ၁၂ရက်(တနင်္ဂနွေနေ့)မှ ဧပြီ ၁၉ ရက်(တနင်္ဂနွေနေ့)အထိ (၈) ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက်(တနင်္လာနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။